မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်နေ့၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံးအမှုထမ်းများ
ပြည်သူယုံကြည်လေးစားသည့် ဝန်ထမ်းကောင်းများဖြစ်အောင်ကြိုးစား

ပေါင်စနစ်ဖြင့် ပျိုးထောင်

သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားစဉ်။

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများနှင့်တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာကိစ္စများ၊ တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ၊ လာဘ်ပေးလာဘ်ယူ တားဆီးရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

စိစစ်ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာချွန်တော်အမိန့်များထုတ်ပိုင်ခွင့် အာဏာရှိကြောင်း၊ နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့ရသင့်ရထိုက်သည့် အခွင့်အရေး ဆုံးရှုံးနစ်နာမှု ပေါ်ပေါက်လာသောအခါ ယင်းအခွင့်အရေးများ ရရှိစေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားခွင့်ရှိလာကြောင်း၊ ယင်းသို့ စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားလာမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း။

တရားမ မူလမှု စီရင်ပိုင်ခွင့်အာဏာများ တိုးမြှင့်အပ်နှင်းခြင်းနှင့် စပ်လျဉ်း၍လည်း ခရိုင်တရားရုံးများနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ❒

နေပြည်တော် အထူးအထွက်တိုး စံပြစိုက်ခင်းလယ်ယာခွင့်မှသည်
— ပြည်မြန်မာ၏ လယ်ယာတစ်ခွင်ဆီသို့ —

အပိုင်း(၁)

➢ သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)
➢ ဓာတ်ပုံ - ဇော်မင်းလတ်(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ်ကို နိုင်ငံတစ်ဝန်း၌ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရှေးအတိတေကတည်းက မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ခဲ့ကြသည်။ သို့မို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ်တွင် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို ထိပ်ဆုံးက ချမှတ်ရေးဆွဲခဲ့ခြင်းဖြစ်သည်။

အရေးပါ

ကျေးလက်နေတောင်သူလယ်သမားများ၏ ဆင်းရဲမှုကို လျှော့ချရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အလွန်အရေးပါလှသကဲ့သို့ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း စိုက်ပျိုးရေးပညာရှင်များသည် တစ်ခန်းတစ်ကဏ္ဍမှ အရေးပါလှပေသည်။

မြန်မာနိုင်ငံသည် တစ်ချိန်က ပြည်ပနိုင်ငံများသို့ ဆန်စပါးအများဆုံး တင်ပို့ရောင်းချနိုင်ခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

အောင်မြင်

သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်ဖြင့် စိုက်ပျိုးထားသော စပါးစိုက်ကွင်းတွင် စပါးသီးနှံများ အောင်မြင်နေမှုကို တွေ့ရစဉ်။

14-8 (01).pmd 1 8/14/2011, 1:37 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၁၄ ရက်)

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်များဖြစ်ရေး ကြိုးပမ်းစွမ်းဆောင်

ယနေ့အချိန်သည် ပညာခေတ်ကို ရောက်ရှိလာပြီဖြစ်ရာ ခေတ်မီတိုးတက်သည့်နိုင်ငံတော်ကို ထူထောင်ရာတွင် အရည်အချင်းပြည့်ဝသော ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်လေးများ၊ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင် မွေးထုတ်ပေးကြရမည်ဖြစ်သည်။

“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း ကျောင်းသား ကျောင်းသူလေးများအား ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့်အညီ လေးစားလိုက်နာ ကျင့်ကြံနေထိုင်တတ်သော အခြေခံကောင်း၊ အလေ့အကျင့်ကောင်းများရရှိအောင် ပြုစုပျိုးထောင်ပေးသွားကြရမည်ဖြစ်သည်။ ယင်းအခြေခံကောင်းများ ကျောင်းသား ကျောင်းသူများ၏ ရင်တွင်းကိန်းအောင်းပြီး ကောင်းသောအမူအကျင့်၊ အလေ့အကျင့်ကောင်းများနှင့်အညီ ပြုမူနေထိုင်သွားတတ်ရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူလေးများ၏ ပညာသင်ကြားမှုတွင် ပြည်တွင်းပညာရေးအခွင့်အလမ်းများကိုသာမက နိုင်ငံတကာအခွင့်အလမ်းများကိုပါ သိရှိရယူနိုင်ရန် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးခြင်းသည် နိုင်ငံတော်၏ လူသားစွမ်းရည်မြင့်မားရေးအတွက် တစ်စိတ်တစ်ပိုင်း ပါဝင်ထောက်ကူခြင်းဖြစ်သကဲ့သို့ ဆရာ၊ ဆရာမနှင့် မိဘများကလည်း ကျောင်းသား ကျောင်းသူ၊ သားသမီးများ ပညာကိုကြိုးစားဆည်းပူး လေ့လာသင်ယူလိုစိတ်များပေါ်ပေါက်လာပြီး ပိုမိုကြိုးစားအားထုတ်လာရန် ပညာရည်မြင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်လေးများကို စိတ်ဓာတ်ကြံ့ခိုင်မှုရှိပြီး အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထကောင်းများရရှိစေရန် ငယ်စဉ်ဘဝကပင် လေ့ကျင့်ပေးသွားရမည်ဖြစ်သည်။ ကြီးပွားတိုးတက်လိုသော စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးဂုဏ်ယူပြီး ထိန်းသိမ်းတတ်သည့် စိတ်ဓာတ်၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် စာနာထောက်ထားတတ်သည့် စိတ်ဓာတ်ကောင်းများကို ငယ်ရွယ်စဉ်ကပင် စွဲမြဲနေစေရန် ပြုစုပျိုးထောင်ပေးသွားကြရမည်ဖြစ်သည်။

ငယ်ရွယ်စဉ်ဘဝမှာ ကျောင်းစည်းကမ်း၊ ကျောင်းပညာများကို လေးစားလိုက်နာသင်ယူပြီး အသိပညာဗဟုသုတများကို များများလေ့လာရှာဖွေပါမှ အောင်မြင်မှုလမ်းကြောင်း၏ အခြေခံကိုရရှိမည်ဖြစ်သည်။ ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းမှသင်ကြားပေးသည့် အသိပညာ ဗဟုသုတများကိုလေ့လာမှတ်သားပြီး ဆရာ၊ မိဘများ၏ ပဲ့ပြင်ဆုံးမမှုကိုနာခံကာ မိမိဘဝတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းစွမ်းဆောင်နိုင်သည်နှင့်အမျှ နိုင်ငံတော်ကအားထားရသော အရည်အချင်းပြည့်ဝသည့် ထူးချွန်ထက်မြက်သူမျိုးဆက်သစ်များအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-ထိုင်း ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံ University of Thai Chamber of Commerce (UTCC) တို့အကြား ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဩဂုတ် ၈ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr.Apirath Vienravi က ဝမ်းမြောက်စကား ပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ထိုင်းနိုင်ငံ University of Thai Chamber of Commerce (UTCC) ဥက္ကဋ္ဌ Mr. Chiradet Ousawatက အမှာစကားပြောကြားပြီး နှစ်ဖက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်တုန်း၌ မျိုးငါးများထောက်ပံ့ပေးအပ်

ညောင်တုန်း ဩဂုတ် ၁၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အစီအစဉ်အရ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ညောင်တုန်းမြို့နယ် ပါလှည့်ကျေးရွာအုပ်စုမှ တစ်ကေအောက် တစ်ပိုင်တစ်နိုင် ငါးမွေးကန်အစုအဖွဲ့ဝင်များအား မွေးမြူရန် မျိုးငါးများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၅ ရက်က အဆိုပါကျေးရွာတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိန်ကောင်းက ကျေးလက်ဒေသနေ တစ်ပိုင်တစ်နိုင်မွေးမြူသူများ အကျိုးရှိစေရေးအတွက် မျိုးငါးများထောက်ပံ့ပေးအပ်သည့် အစီအစဉ်များကို လည်းကောင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးက ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေးအတွက် ထောက်ပံ့ပေးအပ်သည့် မွေးမြူရေး မျိုးငါးများကို စနစ်တကျ ထိန်းသိမ်းမွေးမြူခြင်းဖြင့် ဝင်ငွေတိုးပွားရရှိနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်း၊ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိန်ကောင်း၊ ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးတို့က တစ်ကေအောက်ကန်များတွင် တစ်ပိုင်တစ်နိုင် ငါးမွေးမြူကြမည့် အစုအဖွဲ့ဝင် ၃၀ တို့အား ကာလတိုအတွင်း ကြီးထွားမှုကောင်းသည့် ထိုင်းငါးခုံးမကြီး ကောင်ရေ ၂၅၀၀၀ကို ထောက်ပံ့ပေးအပ်ကာ ၎င်းတို့ မွေးမြူမည့် ကန်များအတွင်းသို့ လိုက်လံထည့်သွင်းပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ဝ၈၂)**

မိုးညိုမြို့နယ်၌ ဂဝံလမ်းခင်း

မိုးညို ဩဂုတ် ၁၃

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်လျက်ရှိသော တောင်ဇင်း-စပ္ပာယ်မျှောင် ကျေးလက်ဂဝံလမ်းခင်းကျင်းထားရှိမှုကို ဇူလိုင် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်လှအောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဆိုင်ကယ်စီးလျှင် လူနှစ်ဦးထက် ပိုမစီးရ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အင်းစိန်၌ ဟောပြော

ရန်ကုန် ဩဂုတ် ၁၃

ကျောင်းနေအရွယ်ကလေးငယ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက်က အင်းစိန်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး) ဦးစီးအရာရှိ ဒေါ်ခင်မာသန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောသည်။ **(အပေါ်ပုံ)**

ပညာပေးဟောပြော

အလားတူ ဇူလိုင် ၂၇ ရက်က အင်းစိန်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးငယ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ကညန)**

ဩဂုတ် ၈ ရက်က ကန်ကြီးထောင့်မြို့နယ်ဆရာဝန် ဒေါက်တာ ကျော်မျိုးလှိုင်နှင့် အမှုဆောင်အရာရှိ ဦးလှသိန်းတို့ ကြီးကြပ်လျက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများစုပေါင်း၍ မြို့မဈေးအတွင်း ရောင်းချသည့်အိုင်အိုဒင်းဆားများ အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားသည်။ (အောက်ပုံ) **ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ခေါက်ဆွဲခြောက်များကို လှူဒါန်းကြသည်။**

ပဲခူးမြစ်ရေလျှံမှုကြောင့် ပဲခူးမြို့တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၂၂ ခု ဖွင့်လှစ်ထားရာ ကျွန်းသာယာရေဘေးကယ်ဆယ်ရေးစခန်းခုနစ်ခုတွင် အိမ်ထောင်စု ၆၁၅ စု၊ ဇိုင်းဂနိုင်းတောင်ပိုင်း ရေဘေးကယ်ဆယ်ရေးစခန်းသုံးခုတွင် အိမ်ထောင်စု ၃၇၄ စု၊ ရွာသစ်ရေဘေးကယ်ဆယ်ရေးစခန်းနှစ်ခုတွင် အိမ်ထောင်စု ၁၂၁စု၊ ကျောက်ကြီးစု ရေဘေးကယ်ဆယ်ရေးစခန်းသုံးခုတွင် အိမ်ထောင်စု ၃၇၃ စု၊ ဗုဒ္ဓအသံဓမ္မဗိမာန် ရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၇၈ စု၊ မဇင်း ရေဘေးကယ်ဆယ်ရေးစခန်းသုံးခုတွင် အိမ်ထောင်စု ၈၀၅ စု၊ ကလျာဏီ ရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၃၄၈စု၊ ဇိုင်းဂနိုင်းမြောက်ပိုင်း ရေဘေးကယ်ဆယ်ရေး စခန်းတွင် အိမ်ထောင်စု ၉၂ စု၊ကျိုက်ပွန်မင်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၂၄၁စုနှင့် ကလိတပ်ကလေးရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၇၅ စုတို့ဖြစ်၍ အိမ်ထောင်စု စုစုပေါင်း ၃၂၂၂ စု ဖြစ်ကြောင်း သိရသည်။

အမှာစကားပြောကြား

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး ကျန်းမာရေးပညာပေးနှင့်ပတ်သက်သော ကျောင်းသားကျောင်းသူလေးများ၏ ကဗျာရွတ်ဆိုပွဲနှင့် ကျန်းမာရေးအကြောင်း အင်္ဂလိပ်ဘာသာစကားပြောသင်တန်းတို့ကို ကြည့်ရှုအားပေးပြီး သီရိပညာခန်းမ၌ ကျင်းပသော ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် ကျောင်းကျန်းမာရေး စံပြကျောင်း ဆုချီးမြှင့်ပွဲသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် တိုင်းဒေသကြီးပညာရေးမှူးဦးမျိုးဆွေက ကျောင်းကျန်းမာရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်း (က)မှ ထူးချွန်ကြက်ခြေနီအဖြစ် စင်ကာပူ နိုင်ငံသို့ သွားရောက်ခဲ့သော မောင်ကျော်ဝေယံမော်၊ စံပြကျောင်း ပထမဆုများရရှိသော မူလတန်းအဆင့်၌ တောင်ငူမြို့ မြို့မအခြေခံပညာ မူလတန်းကျောင်း၊ အလယ်တန်းအဆင့်၌ တောင်ငူမြို့အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းအဆင့်၌ ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်မြင့်မြင့်စိုးက စံပြကျောင်း ဒုတိယဆုရသည့် မူလတန်းအဆင့်၌ ပဲခူးမြို့ အိုးဘိုအခြေခံပညာ မူလတန်းကျောင်း၊ အလယ်တန်းအဆင့်၌ ပဲခူးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းအဆင့်၌ တောင်ငူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ကို လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mikhail MGELADZE သည် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်နိုင်ရန် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဇမ်းမော်မြို့နယ် ဦးကြီးထိန်နန်လမ်း လမ်းပေါက်ဖာခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအလေးပါးနှင့် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်တို့ ဩဂုတ် ၅ ရက်က ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကျင်းပ

ထန်းတပင် ဩဂုတ် ၁၃

၂၀၁၁ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၀ ရက်ကကျင်းပရာ အခမ်းအနားတွင် မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားသည်။ **(ယာပုံ)**

တိုက်ကျွေး

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စိန်စိန်နှင့် ဆရာဝန် ဆရာမများက မိခင်နို့ရည်စနစ်တကျတိုက်ကျွေးခြင်းနှင့်ကလေးများအတွက် အာဟာရဖွံ့ဖြိုးရေးအကြောင်း သိကောင်းစရာများကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးဟောပြောကြပြီး ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးများတိုက်ကျွေး၍ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေး၊ ဗီတာမင်ဘီဝမ်းဆေး တစ်လစာနှင့် အိုင်အိုဒင်းဆားများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (ဝ၄၈)

ဝေါမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

ဝေါမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးဘိုးဘွားများပူဇော်ပွဲနှင့် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းနှင့် ရှမ်းလမ်းထောင့်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ရန်ကုန်ရောက် ဝေါမြို့နယ်သားများ၏ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ သားသမီးများစာရင်းနှင့် အသက်(၇၅)နှစ် အထက် ဘိုးဘွားများ၏စာရင်းကို ဦးစံရင်ဥက္ကဋ္ဌ ဖုန်း-၀၉-၅၄၁၀၀၃၀၊ ဒုတိယဗိုလ်မှူးကြီး စိုးတင့်(ငြိမ်း)ဒုတိယ ဥက္ကဋ္ဌ ဖုန်း-၀၉-၅၁၃၉၆၆၉၊ ဦးတင်ကြည် ဘဏ္ဍာရေးမှူး ဖုန်း-၀၉-၇၃၁-၀၄၄၄၅၊ ဦးသန်းမြင့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၁-၇၂၈၁၆၆၊ ဦးကျော်မင်း အထွေထွေအတွင်းရေးမှူး ဖုန်း-၀၉-၇၃၁-၀၉၂၃၊ ဦးယဉ်ထွေး အတွင်းရေးမှူး-၂ ဖုန်း-၀၉-၅၀၂၆၁၁၅၊ ဦးနီပေါ (စည်းရုံးရေး) ဖုန်း-၀၁-၅၇၀၅၆၆၊ ဦးမြင့်အေး(ခ) ဦးဖိုးထောင် (စည်းရုံးရေး) ဖုန်း-၀၁-၆၉၉၃၂၂ တို့ထံပေးပို့ပြီး ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကွမ်းခြံကုန်း၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၈ နာရီက တောင်ဘက်ပိုင်းရပ်ကွက်၌ကျင်းပရာ အခမ်းအနားသို့ တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းဟန်နှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး တောင်သူ ဦးညွန့်ရွှေပါ ရှစ်ဦး၏ လယ်ဧက ၁၀၀ အတွင်းသို့ ငါးခုံးမကြီး ၂၀၀၀၀၊ ရွှေဝါငါးကြင်း ၂၀၀၀၀၊ တီလားဗီးယား ၁၀၀၀၀ စုစုပေါင်း ကောင်ရေ ၅၀၀၀၀ ကို မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

အာဟာရကျွေးမွေး

ဩဂုတ် ၁၀ ရက်က ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အလက(၃)သဃ်န်းကျွန်း၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဦးဇော်ဝင်းနှင့် ဆရာ ဆရာမများက ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးစဉ်။ (ပညာရေး)

ကြီးကြပ်ဆောင်ရွက်

ဩဂုတ် ၆ ရက်က ရန်ကင်းမြို့နယ် (၉)ရပ်ကွက် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီးပြုလုပ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးတင်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၄၃)

နိုင်ငံတကာသတင်းများ

အသံထက်မြန်သော အမေရိကန်တိုက်လေယာဉ် ပျက်ကျ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၃

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအတွက် သုတေသနပြုထုတ်လုပ်ထားသည့် အသံထက်မြန်သော တိုက်ခိုက်ရေးလေယာဉ်တစ်စင်းကို ဩဂုတ် ၁၂ ရက်က လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ဘက် မိုင် ၁၃၀ ခန့်အကွာ ဗန်ဒါဘတ်လေတပ်အခြေစိုက်စခန်းမှ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၅ မိနစ်က စမ်းသပ်ပျံသန်းရာ ကိုးမိနစ်ခန့်အကြာ၌ ပျက်ကျသွားခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန သုတေသနစီမံကိန်းအေဂျင်စီက ဩဂုတ် ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။

ပျက်ကျခဲ့

အဆိုပါ အသံထက်မြန်သော တိုက်လေယာဉ်သည် လေထုအတွင်း ဖြတ်သန်းချိန်တွင် လေကြောင်းပျံသန်းမှုဆိုင်ရာ ခံနိုင်ရည်ပြောင်းလဲမှုစနစ် ချွတ်ယွင်းမှုပြဿနာကြောင့် စတင်ပျံသန်းပြီး မကြာမီ ပစိဖိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။ အသံထက် အဆ ၂၀ နှုန်းမြန်ပြီး ကမ္ဘာ့ဒေသအစိတ်အပိုင်းအချို့ကို တစ်နာရီအတွင်း ပျံသန်းရောက်ရှိနိုင်သည့် လေယာဉ်အမျိုးအစားဖြစ်သည်။

၎င်းလေယာဉ်သည် လေထုအတွင်း တစ်နာရီလျှင် မိုင် ၁၃၀၀၀ နှုန်း ပျံသန်းနေစဉ်မှာပင် ပစိဖိတ်သမုဒ္ဒရာအတွင်းပျက်ကျခဲ့သဖြင့် စမ်းသပ်ပျံသန်းနေစဉ် မည်သည့်အခက်အခဲများ ဖြစ်ပေါ်နိုင်သည်ကို မဆန်းစစ်နိုင်ဘဲဖြစ်ခဲ့သည်။ အသံထက်မြန်သော တိုက်ခိုက်ရေးယာဉ်များထုတ်လုပ်ရေးမှာ လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း၊ စမ်းသပ်မှုများ အကြိမ်ကြိမ်ထပ်မံ ပြုလုပ်ရမည်ဖြစ်ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုနှင့်စပ်လျဉ်းပြီး မပျက်ကျမီ ငါးမိနစ်အလိုအတွင်း ချွတ်ယွင်းမှု အသေးစိတ်အချက်အလက်ကို ထပ်မံစစ်ဆေး ရှာဖွေသွားမည်ဖြစ်ကြောင်း အမေရိကန်အရာရှိများက ပြောကြားခဲ့သည်။ **(အင်တာနက်)**

စီးကရက်သောက်သည့် အမျိုးသမီးများ နှလုံးရောဂါပိုမိုဖြစ်ပွားနိုင်

လန်ဒန် ဩဂုတ် ၁၃

စီးကရက်သောက်သော အမျိုးသမီးတို့သည် ပုံမှန်ဆေးလိပ်သောက်သည့် အမျိုးသားများထက်ပင် နှလုံးရောဂါဖြစ်နိုင်ခြေပိုများကြောင်း အနှစ် ၃၀ ကြာ ပြုလုပ်ခဲ့သော သုတေသနတစ်ရပ်အရ လေ့လာတွေ့ရှိရသည်။

ဖော်ပြထား

လူပေါင်း ၂ ဒသမ ၄ သန်းတို့အား ၁၉၆၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဆေးလိပ်နှင့် နှလုံးရောဂါဖြစ်ပွားမှုတို့နှင့် စပ်လျဉ်းပြီး သုတေသနပြုလုပ်ခဲ့ရာတွင် ဆေးလိပ် သောက်သုံးကြသည့် အမျိုးသမီးတို့သည် ပုံမှန်ဆေးလိပ်သောက်နေသော အမျိုးသားများထက် နှလုံးရောဂါဖြစ်ရန် ၂၅ ရာခိုင်နှုန်း ပိုများသည်ကို တွေ့ရှိရကြောင်း အမေရိကန်နိုင်ငံ မင်နီဆိုးတား တက္ကသိုလ်မှ သုတေသနအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံးရောဂါမှာ နှလုံးရောဂါဖြစ်ပြီး နှစ်စဉ် လူပေါင်းခုနစ်သန်းကျော်တို့ နှလုံးရောဂါကြောင့် သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စီးကရက်သောက်သုံးမှုကြောင့် အမျိုးသမီးများသာလျှင်မဟုတ်ဘဲ အမျိုးသားများလည်း သေဆုံးလျက်ရှိသည်။ ဆေးလိပ်တွင် ပါဝင်သည့် နီကိုတင်းဓာတ်သည် နှလုံးသွေးကြောကို ထိခိုက်စေနိုင်ကြောင်း ပညာရှင်တို့က လေ့လာတွေ့ရှိထားသည်။ **(အင်တာနက်)**

ဆိုမာလီနိုင်ငံ ရိက္ခာပြတ်လပ်မှုဘေးကြုံတွေ့ ကလေးသူငယ်သေဆုံးမှုနှုန်းမြင့်မားလာ

နယူးယောက် ဩဂုတ် ၁၃

ဆိုမာလီနိုင်ငံ၌ ရိက္ခာပြတ်လပ်မှုဘေး ကြုံတွေ့သည့် ဒေသတွင် အသက်ငါးနှစ်အောက်ကလေးသူငယ် ၁၀၀၀၀ တွင် နေ့စဉ် ၁၃ ဦးထက်မနည်း သေဆုံးနေကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက သတိပေးလိုက်သည်။

ဆိုလိုသည်မှာ ဆိုမာလီနိုင်ငံအတွင်း ရက်သတ္တ ၁၁ ပတ်ပြည့်တိုင်း အသက်ငါးနှစ်အောက် ကလေးသူငယ် ၁၀ ရာခိုင်နှုန်း သေဆုံးခြင်းဖြစ်ပြီး ကလေးသူငယ်သေဆုံးမှုနှုန်းမှာ စိတ်မချမ်းမြေ့စရာအမှန်ဖြစ်ကြောင်း ဆိုမာလီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ် ဩဂတ်စတင်းမဟီဂါက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပြောကြားလိုက်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

ကောင်းမြတ်သူ – စုစည်းသည်

ပြည်တွင်းလုပ် ဂြိုဟ်တုသစ် အီရန်လွှတ်တင်မည်

တီဟီရန် ဩဂုတ် ၁၃

အီရန်နိုင်ငံက မကြာမီရက်ပိုင်းအတွင်း ပြည်တွင်းလုပ်ဂြိုဟ်တုသစ်တစ်လုံးကို အာကာသသို့လွှတ်တင်မည်ဖြစ်ကြောင်း အီရန်ရှာရစ်ဖ်တက္ကသိုလ်မှ အကြီးအကဲဖြစ်သူ ရီဇာရိုစတာဇက်က ဩဂုတ် ၁၂ ရက်၌ ထုတ်ဖော်ပြောကြားသည်။

ယခု ဂြိုဟ်တုသစ်ကို ရှာရစ်ဖ်တက္ကသိုလ်မှ ကျောင်းသားများက နောက်ဆုံးပေါ်ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး အာကာသသို့ လွှတ်တင်တော့မည်ဖြစ်ကြောင်း ယင်းက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

တရုတ်ကျည်ဆန်ရထား ၅၄ စင်းပြုပြင်မည်

ပေကျင်း ဩဂုတ် ၁၃

တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ရထားထုတ်လုပ်ရေးကုမ္ပဏီက ပေကျင်း-ရှန်ဟိုင်းရထားလမ်းပေါ်တွင် ပြေးဆွဲနေသော ကျည်ဆန်ရထား ၅၄ စင်းကို နည်းပညာလိုအပ်ချက်ဖြည့်စွက်ပြင်ဆင်ရန် လိုအပ်သဖြင့် ပြန်လည်အပ်နှံပြင်ဆင်ကြရန် ဖိတ်ခေါ်လိုက်ကြောင်း ဩဂုတ် ၁၂ ရက်၌ သတင်းဖော်ပြသည်။ တရုတ်နိုင်ငံတွင် လွန်ခဲ့သောသုံးပတ်ကြာက အမြန်ရထားတိမ်းမှောက်မှုကြောင့် လူပေါင်း ၄၀ သေဆုံးခဲ့ပြီးနောက် ချိုင်းနားစီအင်န်အာ ကော်ပိုရေးရှင်းလီမိတက်က ကျည်ဆန်ရထားများ ပြန်လည်ပြုပြင်ရန် ပြန်ခေါ်လိုက်ခြင်းဖြစ်သည်။ *(အင်တာနက်)*

သီရိလင်္ကာ၌ ပထမဆုံး ဆင်ကောင်ရေစာရင်းကောက်

ကိုလံဘို ဩဂုတ် ၁၃

သီရိလင်္ကာနိုင်ငံတွင် ထောင်နှင့်ချီသော တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး တာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများသည် လွန်ခဲ့သည့် စနေနေ့မှ စတင်ကာ နိုင်ငံတစ်ဝန်း ပထမဆုံးအကြိမ် ဆင်ကောင်ရေ သန်းခေါင်စာရင်း ကောက်ယူခဲ့ကြကြောင်း ဩဂုတ် ၁၂ ရက်တွင် သတင်းဖော်ပြသည်။ ယင်းတို့သည် နိုင်ငံတစ်ဝန်း နေရာပေါင်း ၁၅၀၀ ကျော်တွင် ဆည်မြောင်း၊ ကန်ချောင်းတို့၌ရေသောက်ရန်လာသော ဆင်များကို ရေတွက်မှတ်သားလျက်ရှိကြောင်း သိရသည်။ *(အင်တာနက်)*

တရုတ်၌ နှလုံးရောဂါဖြင့် တစ်မိနစ် လူခြောက်ဦးနှုန်းသေဆုံး

ပေကျင်း ဩဂုတ် ၁၃

တရုတ်နိုင်ငံတွင် နှလုံးရောဂါခံစားနေရသူ သန်း ၂၃၀ ခန့်ရှိပြီး တစ်မိနစ်လျှင် ခြောက်ဦးနှုန်း သေဆုံးလျက်ရှိကြောင်း တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဩဂုတ် ၁၂ရက်ကကျင်းပသည့် နှလုံးရောဂါဆိုင်ရာ ညီလာခံ၏ အစီရင်ခံစာ တစ်စောင်တွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံတွင် နှလုံးရောဂါကြောင့် နှစ်စဉ် လူသုံးသန်းခန့် သေဆုံးနေရကြောင်း အဆိုပါညီလာခံ၌ ကျန်းမာရေးဝန်ကြီးဌာန နှလုံးရောဂါဆိုင်ရာဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

ပါကစ္စတန်တောင်ပိုင်း ရေလွှမ်းမှုဖြစ်ပွား ၂၁ ဦးသေဆုံး၊ စိုက်ခင်းများပျက်စီး

အစ္စလမ္မာဘတ် ဩဂုတ် ၁၃

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်း(ဒ်)ပြည်နယ်၌ မိုးသည်းထန်စွာရွာပြီး ရေလွှမ်းမှု **(အောက်ပုံ)**နှင့် မြေပြိုမှုများဖြစ်ပွားခဲ့သဖြင့် အနည်းဆုံးလူ ၂၁ ဦးသေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ဩဂုတ် ၁၃ ရက်၌ ပြောကြားသည်။

သေဆုံး

ဆင်း(ဒ်)ပြည်နယ်တွင် ဩဂုတ် ၁၂ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် သေဆုံးသူအများစုမှာ အိမ်အမိုးများပြုတ်ကျပြီး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို အေအက်ဖ်ပီသတင်းဌာနက ကိုးကားဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြံနှင့်ဝါစိုက်ကေ ထောင်ပေါင်းများစွာ ပျက်စီးခဲ့သဖြင့် ဆင်း(ဒ်)ပြည်နယ်ရှိ အဆိုပါဒေသများအား သဘာဝဘေးကြုံတွေ့နေရသည့်နေရာများအဖြစ် အရေးပေါ်အခြေအနေ ကြေညာထားသည်။ တစ်ဖန် ရေလွှမ်းနေသောနေရာများ၌ ကူးစက်ရောဂါများဖြစ်ပွားနိုင်မှုကိုလည်း သတိပေးထားသည်။

ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ရေလွှမ်းမှုကြောင့် ပြည်သူ ၁၇၅၀ ကျော် သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်

အစ္စလမ္မာဘတ် ဩဂုတ် ၁၃

ပါကစ္စတန်နိုင်ငံ၌ ဩဂုတ် ၁၂ ရက်က ရာသီဥတုဆိုးရွားမှုကြောင့် ပီအိုင်အေလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း ရာဝါပင်ဒီလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသဖြင့် ခရီးသည်ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာရဒူရုပ်မြင်သံကြားသတင်းဌာနက ဩဂုတ် ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဓာတ်ပုံ)**

ဆင်းသက်

အဆိုပါလေယာဉ်မှာ ပီကေ - ၃၈၆ လေယာဉ်ဖြစ်ပြီး ခရီးသည် ၃၀၀ အားတင်ဆောင်ကာ ပါကစ္စတန်နိုင်ငံအလယ်ပိုင်း မူလ်တန်မြို့မှ အစ္စလမ္မာဘတ်မြို့သို့ တင်ဆောင်ပျံသန်းရန် ထွက်ခွာလာစဉ် မိနစ် ၃၀ ခန့်အကြာ၌ ရာသီဥတု ဆိုးရွားမှုကြောင့် ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်၌ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ ထိုသို့လေယာဉ်အရေးပေါ်ဆင်းသက်ရမှုကြောင့် ခရီးသည်အချို့ ဒဏ်ရာရရှိခဲ့သော်လည်း လေယာဉ်မှာထိခိုက်ပျက်စီးမှုမရှိကြောင်း၊ ခရီးသည်တစ်ဦးသာ ဒဏ်ရာပြင်းထန်ကြောင်း ပြောကြားသည်။

ယင်းဖြစ်ပွားမှုနှင့်ပတ်သက်ပြီး အသေးစိတ်စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။ ပါကစ္စတန်နိုင်ငံတွင် ၂၀၁၀ ခုနှစ် ဇူလိုင်လကလည်း ပီအိုင်အေလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ခရီးသည် ၂၀၀ ကျော် သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

တွေးခေါ်မှုနှင့် သင်ယူလေ့လာနိုင်သည့်စက်ရုပ် ဂျပန်သိပ္ပံပညာရှင်များထုတ်လုပ်

တိုကျို ဩဂုတ် ၁၃

လူတစ်ဦးကဲ့သို့ တွေးခေါ်စဉ်းစားနိုင်မှု၊ သင်ယူနိုင်မှုနှင့် တုံ့ပြန်မှုများပြုလုပ်နိုင်သည့်စက်ရုပ် **(ယာပုံ)**ကို ဂျပန်နိုင်ငံ တိုကျိုနည်းပညာသိပ္ပံ၏ ဟာဆီဂါဝါသုတေသနဌာနမှ သိပ္ပံပညာရှင်များက ထုတ်လုပ်နေပြီဖြစ်ကြောင်း ဩဂုတ် ၁၂ ရက်ထုတ် အင်တာနက်သတင်း၌ ဖော်ပြသည်။

ထုတ်လုပ်ထား

၎င်းစက်ရုပ်ကို ထိန်းချုပ်မှုလွန်သင်ယူလုပ်ဆောင်နိုင်သည့် စက်ပစ္စည်းစနစ်ပေါ်အခြေခံပြီး ဂျပန်နိုင်ငံရှိ ဆိုအင်းလုပ်ငန်းက ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ထားခြင်းဖြစ်သည်ဟု ပီစီမဂ္ဂဇင်း၌ ဖော်ပြသည်။ ထိန်းချုပ်မှုစနစ်ဖြင့် လှုပ်ရှားနိုင်သော ယခင်ထုတ်လုပ်ခဲ့သည့် စက်ရုပ်များနှင့်မတူဘဲ အသိဉာဏ်ကိုအခြေခံပြီး ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်သော မျိုးဆက်သစ် စက်ရုပ်တစ်မျိုးဖြစ်သည်။

ယခင်ထုတ်လုပ်ခဲ့သည့် စက်ရုပ်များမှာ လုပ်ငန်းခွင်သုံးစက်ရုပ်များအပါအဝင် အမှားကင်းကင်းနှင့် လျင်မြန်စွာ ဆောင်ရွက်နိုင်သော အလုပ်များအတွက် ထုတ်လုပ်ခဲ့သောစက်ရုပ်များဖြစ်သည်။ ၎င်းစက်ရုပ်များသည် ဝန်းကျင်ပြောင်းလဲသွားပါက အခြားလုပ်ငန်းများလုပ်ကိုင်နိုင်မှုမှာ အဆင်ပြေစွာ မလုပ်ဆောင်နိုင်တော့ကြောင်း ဟာဆီဂါဝါသုတေသနဌာနပညာရှင်များက ပြောကြားသည်။ ယခုစက်ရုပ်၏ တွေးခေါ်နိုင်မှု သရုပ်ပြကွက်တစ်ရပ်ကို တိုကျိုမြို့၌ပြသခဲ့ရာ အောက်ခံပြားပေါ်တွင်တင်ထားသော ရေခဲတုံးမှကျလာသောရေများကို ဖန်ခွက်ဖြင့်ခံထားရာ ဖန်ခွက်၌ရေပြည့်သည်နှင့် လျှံမကျမီ ၎င်းစက်ရုပ်က ရေခွက်ကိုယူကာ ရေသွန်ပြနိုင်ခဲ့သည်။ **(အင်တာနက်)**

ဝက်လက်မြို့နယ်၌ ဒေသခံတောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်များပေးအပ်

နေပြည်တော် ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ဝက်လက်မြို့နယ် လှတောကျေးရွာ မိဘဂုဏ်ရောင်ဆန်စက်၌ ဆန်စက်လုပ်ငန်းများ လည်ပတ်နေမှုကို ကြည့်ရှုအားပေးပြီး လှတောကျေးရွာ လှတောမြေ ဆန်စပါး အထူးပြု ကုမ္ပဏီလီမိတက်က ဒေသခံတောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ပံ့ပိုးခြင်း၊ သွင်းအားစုများ ပံ့ပိုးခြင်းနှင့် စက်မှုလယ်ယာသုံးပစ္စည်းများ ပံ့ပိုးခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးက လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်မှုကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ လှတောမြေ ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဖြိုးဝေသောင်းစိန်က စိုက်ပျိုးစရိတ်ပံ့ပိုးပေးမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလှတောကျေးရွာနှင့် မူးကြီးကျေးရွာမှ တောင်သူများအား စိုက်ပျိုးစရိတ်ငွေများပေးအပ်ပြီး (ဝဲပုံ) ဒေသခံတောင်သူများအားပံ့ပိုးပေးမည့် မိုးစပါးစိုက်ပျိုးစရိတ်များ၊ သွင်းအားစုများနှင့် စက်မှုလယ်ယာသုံးပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မင်္ဂလာရွှေဒေါင်းဆန်စက်လည်ပတ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကညွတ်ကွင်းမြို့၌ ထုတ်ပေး

ကညွတ်ကွင်း ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်းကို ကညွတ်ကွင်းမြို့ ငါးထပ်ကြီးဘုရား ဓမ္မာရုံ၌ ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ပဲခူးတိုင်းဒေသကြီးဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာန ဦးစီးမှူးတို့သည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ကညွတ်ကွင်းဒေသခံ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထို့နောက် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများတစ်ဦးချင်းပေးအပ်ခဲ့ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ဆောင်ရွက်သူ ၅၅၁ ဦး ရှိကြောင်း သိရှိရသည်။ (ဝ၄၆)

မြင်းခြံမြို့နယ်၌ ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးဝင်းရှေ့တွင် ဩဂုတ် ၅ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းစိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပန်းတောင်းမြို့နယ်၌ ကျွန်းပင်များစိုက်ပျိုး

ပန်းတောင်း ဩဂုတ် ၁၃

ပန်းတောင်းမြို့နယ် သံလယ်ကြီးကြိုးဝိုင်း အကွက်အမှတ် (၄)နှင့် ကျောက်ဖူးကြိုးဝိုင်းအကွက်အမှတ် (၉၀)တို့တွင် စီးပွားရေး ကျွန်းစိုက်ခင်းဧက ၆၅၀ ၌ ကျွန်းပင် ၃၅၁၀၀၀ စိုက်ပျိုးလျက်ရှိရာ ဇူလိုင် ၂၅ ရက်က သစ်တောဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့ ကွင်းဆင်းစစ်ဆေးကြသည်။

စိုက်ပျိုးသွားမည်

ယခုအခါ အဆိုပါ ကြိုးဝိုင်းများအတွင်း ၅၄၅ ဧက၌ ကျွန်းပင် ၂၉၄၃၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း ၂၀၁၁ ခုနှစ် မိုးရာသီ၌ စီးပွားရေး ကျွန်းစိုက်ခင်းဧက ၆၅၀ တွင် အပင် ၃၅၁၀၀၀၊ ပုဂ္ဂလိက ကျွန်းစိုက်ခင်းဧက ၂၅၀၌ အပင် ၁၃၅၀၀၀၊ ပြည်သူများ ဖြန့်ပျိုးပင် ၄၃၀၀၀၊ ဆက်သွယ်ရေးလမ်းဘေးဝဲယာတွင် ကျွန်းပင် ၄၀၀၀၊ ကျေးလက်အိမ်ရာ ထူထောင်ရေးစီမံချက်အနေဖြင့် အပင် ၅၃၀၀၀ စုစုပေါင်း အပင် ၅၈၆၀၀၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

မိခင်နို့တိုက်ကျွေးရေး လှုပ်ရှားမှုအခမ်းအနား သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ကျန်းမာရေးကော်မတီနှင့် အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးလှုပ်ရှားမှု ရက်သတ္တပတ်များနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က အမှာစကားပြောကြားပြီး ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် စံပြမိခင်ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရမြို့နယ်များအား လည်းကောင်း၊ အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့် အဖွဲ့ဝင်များက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဆိုင်ရာ ဗဟုသုတပြိုင်ပွဲဆုရ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအား ဆုများချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒုတိယကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်စန္ဒာက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။ ယင်းနောက် တက်ရောက်လာကြသူများက ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်ဆေးပြားနှင့်သန်ချဆေး၊ ဗီတာမင်ဘီဝမ်းနှင့်အာဟာရထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၂၅)**

လှိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

လှိုင်လင် ဩဂုတ် ၁၃

၂၀၁၁ခုနှစ် လှိုင်လင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၄ရက် မွန်းလွဲ ၂ နာရီက လှိုင်လင်မြို့ ခရိုင်အားကစားကွင်း၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပွဲဦးထွက် ပွဲစဉ်အဖြစ် အမှတ်(၄) ရပ်ကွက် (ခ)အသင်းနှင့် မီးသတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ် (၄)ရပ်ကွက် (ခ)အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ လှိုင်လင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာဘောလုံး အသင်း ၁၁သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရှိရသည်။ (မြို့နယ် အား/ကာ)

မြောင်းမြမြို့နယ်စည်ပင်သာယာရေး ဈေးများ၌ အိုင်အိုဒင်းဆား ရောင်းချမှုရှိ မရှိကို ဒုတိယဦးစီးမှူး(ဈေး) ဦးသန်းစိုးလွင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ အမှတ်(၁၆) ပြည်ထောင်စုလမ်း ဗဟန်းမြို့နယ်နေ ဦးထင်အောင်ကျော်-ဒေါက်တာပပဝါ၊ (သား) မောင်အောင်ကောင်းဆက်၊ မောင်အောင်မျိုးဆက်၊ (သမီး) မမြမဟာထင် မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ အဘိုးအဘွားများ အာဟာရသုံးဆောင်ရန်အတွက် ဆန်အိတ် ၃၀ လှူဒါန်းရာ အလှူရှင်ကိုယ်စား မောင်ကျော်ဆန်းလွင်က ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဝဝ၉)

မြန်မာ့အလင်းရုပ်ရှင်အမြည်း — လာထားအာဘွား-၂ ဆက်လက်အောင်ပွဲခံ

ရန်ကုန် ဩဂုတ် ၁၃

ယခုသီတင်းပတ် ဩဂုတ် ၁၂ရက် (သောကြာ) နေ့တွင် ဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ပြသဆဲမြန်မာဇာတ်ကား **လာထားအာဘွား-၂** ရုပ်ရှင်ကားသာ ပရိသတ်အကြိုက် ဆက်လက်ပြသလျက်ရှိသည်။ **(ယာပုံ)**

ပုံဖော်ရိုက်ကူး

ဇာတ်လမ်း နေရီမင်း၊ ဇာတ်ညွှန်း ကိုရွှေမိုးသက်၊ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) တို့က အတွေးအခေါ် ကောင်းကောင်းဖြင့် ပုံဖော်ရိုက်ကူး ရေးသားထားသည့် ပညာပေး ဟာသ ရုပ်ရှင်ကား **လာထား အာဘွား-၂** ဇာတ်ကားမှာ သရုပ်ဆောင် နေတိုး၊ ဝေဠုကျော်၊ မေတ္တာနှင့် သက်မွန်မြင့်တို့၏ ပီပြင်သော သရုပ်ဆောင်မှုများကြောင့် ပရိသတ်များအားပေးမှု တစ်ခဲနက် ရရှိနေဆဲပင်ဖြစ်သည်။

တစ်ဖန် အထူးသရုပ်ဆောင် နေဆန်း၊ စိုးမြတ်နန္ဒာတို့ အပါအဝင် ဟာသသရုပ်ဆောင် ခင်လှိုင်၊ ဗေလုဝ၊ မိုးဒီ၊ ညောင်ညောင်နှင့် ကင်းကောင်တို့က လည်း ပရိသတ် စိတ်လက်ရွှင်လန်းစေရန် ပါဝင်အားဖြည့်ထားသဖြင့် ရန်ကုန်မြို့ သမ္မတ၊ သွင်၊ မင်္ဂလာရုံတွင် ဆက်လက် အောင်ပွဲခံ ပြသနေခြင်း ပင်ဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် အာကာသသိပ္ပံဇာတ်ကားဖြစ်သည့် TRANFORMERS; D ARK OF THE MOON ရုပ်ရှင်ကား ဆက်လက် ပြသလျက်ရှိသည်။ အာကာသအတွင်း ဂြိုဟ်တစ်ခုမှ ယာဉ်ပျံတစ်စင်း လ၏အမှောင်ခြမ်း၌ ပျက်ကျသွားခြင်းကို ကမ္ဘာဂြိုဟ်မှ သိပ္ပံပညာရှင်များ လေ့လာရာမှ ကမ္ဘာဂြိုဟ်ကို အန္တရာယ်ပေးမည့် ဂြိုဟ်သားများဖြစ်နေပုံကို စိတ်ဝင်စားဖွယ် ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားခြင်း ဖြစ်သည်။

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ပြသလျက်ရှိ

နေပြည်တော်ရုံတွင် HARRY POTTER AND THE DEATHLY HALLOWS (Part-2) ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ ယင်းဇာတ်ကားမှာ ကမ္ဘာကျော် ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲမှ တစ်တွဲဖြစ်ပြီး မိစ္ဆာစွမ်းအားရှင်တစ်ဦးနှင့် လူသားအကျိုးပြု ပညာရှင်အဖွဲ့တစ်ဖွဲ့တို့ အားပြိုင်ကြပုံကို ပရိသတ် ရင်ခုန်လိုက်မောဖွယ်ရာ ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားအဖြစ် မြင်တွေ့ခံစား ကြည့်ရှုရမည်ဖြစ်ပါကြောင်း ယခုသီတင်းပတ် ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Southern Power Grid မှ Director of International Cooperation Department,Mr.Shi Shengguang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားကဏ္ဍ၌ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။**(အပေါ်ပုံ)**

ဆွေးနွေး

ထိုသို့ဆွေးနွေးရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ထိုင်းနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ထိုင်းနိုင်ငံ Kaiser Communication Co,Ltd. မှ Executive Director Mr.Wutikrai Watana Wutikrai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်အတူ ဩဂုတ် ၁၂ ရက် နံနက် ၁၁ နာရီခွဲက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြားနှင့် မဟာမဲခေါင်ဒေသ ဟိုတယ်နှင့်ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ ဧည့်သည်များတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကျန်းမာရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပူးပေါင်းဆောင်ရွက်လျက်ရှိသောကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel-Ahadနှင့် ထိုင်းနိုင်ငံ ဗန်ကောက် အခြေစိုက်ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ရုံးမှ ကျွမ်းကျင်မှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Saramma Thomas Mathai တို့သည် ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ မွေးကင်းစနှင့်ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးမြှင့်တင်ဆောင်ရွက်ခြင်းနှင့် မြို့နယ်များပိုမိုတိုးချဲ့ ဆောင်ရွက်ရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ သံဖြူဇရပ်မြို့၌ထုတ်ပေး

သံဖြူဇရပ် ဩဂုတ် ၁၃

မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက်က သံဖြူဇရပ်မြို့ အထက(၂) ရှင်စောပုခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မွန်ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစန်းလွင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဦးစီးဌာနမှူးက သံဖြူဇရပ်မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းသား ကျောင်းသူများသို့ပေးအပ်ရာ အထက (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှ **(အောက်ပုံ)** က လက်ခံယူခဲ့ကြောင်းနှင့် မြို့နယ်အတွင်း နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ငွေချည်(၆)ဝါစိုက်ပျိုးပွဲ ကန့်ဘလူ၌ ကျင်းပ

ကန့်ဘလူ ဩဂုတ် ၁၃

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင် ငွေချည်(၆)ဝါစိုက်ပျိုးပွဲကို အမှတ်(၁) ရပ်ကွက် ကန့်ဘလူမြို့နယ် စံပြကွက်ငါးဧကရှိ ဦးအုန်းကျော်၏စိုက်ကွင်း၌ ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။ အဆိုပါ ဝါစိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်၊ မြို့နယ်ဝါလုပ်ငန်းဌာနမှ လက်ထောက်မန်နေဂျာ ဦးတင့်ဆွေနှင့် မြို့နယ်စိုက်ပျိုးရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဝါလုပ်ငန်းဌာနမှ ဝန်ထမ်းများ၊ ဝါစိုက်ပျိုးရေးအဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း တည်ခင်းရောင်းချလျက်ရှိသော မုန့်မျိုးစုံဆိုင်များတွင် စားသုံးရန်မသင့်သော ရက်လွန်မုန့်များ ရောင်းချခြင်း ရှိ မရှိကို အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၃ ရက်က အဆိုပါကျောင်း ဧရာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကိုတင်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်သော မနှင်းယမုံဟန်အား ထူးချွန်ဆုချီးမြှင့်စဉ်။ (၀၃၂)

ရေစီးရေလာကောင်းမွန်ရေး ဟသ်ာတ၌ ဆောင်ရွက်

ဟသ်ာတ ဩဂုတ် ၁၃

ဟသ်ာတမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၏ ဦးဆောင်မှုဖြင့် မြို့၏ အဓိက ရေထွက်ရေမြောင်းဖြစ်သော ပေ ၃၆၅၀ရှိ ငှက်ပျောတောမြောင်း ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၂ ရက်က ဒုတိယဦးစီးမှူး ဦးစောဟိန်းသာနှင့်အဖွဲ့ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဇူလိုင် ၂၉ ရက်က ဒေးဒရဲမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ပုစွန်ဝယ်/ရောင်းလုပ်ငန်းရှင် ဦးအောင်မြင့်ဦးက ရေလုပ်သားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ စီ ထုတ်ပေးစဉ်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

ရေငန်ပုစွန်မွေးမြူထုတ်လုပ်သူများအဖွဲ့ ဖွဲ့စည်း

မောင်တော ဩဂုတ် ၁၃

မောင်တောမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပန်းတောပြင်ကျေးရွာ ရေငန်ပုစွန်မွေးမြူထုတ်လုပ်သူများ အစုအဖွဲ့ကို ဇူလိုင် ၂ ရက်က ဖွဲ့စည်းခဲ့သည်။

လုပ်ငန်းတာဝန်

အလားတူ ဘူးသီးတောင်မြို့ ရေချိုငါးထုတ်လုပ်သူများအစုအဖွဲ့ကို ဇူလိုင် ၈ ရက်က ဖွဲ့စည်းခဲ့သည်။ အစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက ဖွဲ့စည်းရခြင်းရည်ရွယ်ချက်၊အဖွဲ့၏လုပ်ငန်းတာဝန်များနှင့် စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းရောင်းချခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူး အလားအလာများ၊ ငွေကြေးလိုအပ်မှုအတွက် ငွေစုငွေချေးအသင်းများ ဖွဲ့စည်းပြီးအစုရှယ်ယာရရှိရေး၊ လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုအတွက် ကုမ္ပဏီများနှင့်ချိတ်ဆက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ငါးလုပ်ငန်းဦးစီး)**

မေတ္တာသုတ်တော် ဟောဖော်ညွှန်ပြ ဝါခေါင်လ

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

ဝါခေါင်လပြည့်နေ့သည် မေတ္တာအခါတော်နေ့ဟူ၍ ဗုဒ္ဓဘာသာဝင်တို့က အသိအမှတ်ပြုထားရသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ထိုသို့သိမှတ်ထားရသည့် အကြောင်းရင်းခံမှာ မေတ္တာသုတ်ဖြစ်ပေါ်လာပုံနှင့်ဆက်စပ်လျက်ရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် ရဟန်းတော်ငါးရာသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို ဆောင်ယူကာ ဟိမဝန္တာအနီး တောအုပ်ကြီးအတွင်း ဝါဆိုဝါကပ်ပြုတော်မူကြသည်။ တောအုပ်အတွင်းမှ ရုက္ခစိုးစသည့် နတ်များအား မေတ္တာပို့သရန် မေ့လျော့ခဲ့ကြသည်။ ရုက္ခစိုး စသောနတ်တို့မှာ ရဟန်းတော်တို့၏ သီလတန်ခိုးကြောင့် ဆောက်တည်မရ၊ ပကတိနေရာမှာ မနေနိုင်၊ ဖယ်ရှားကြရကုန်၏။ ထိုအခါ နတ်တို့က ခြောက်လှန့်နှောင့်ယှက်ကြတော့သည်။ ရုန့်ရင်းကြမ်းတမ်းသော အသံ၊ အပုပ်နံ့၊ အညှီနံ့၊ ကြောက်ဖွယ်အဆင်းတို့ဖြင့် ရဟန်းတို့အား မနေနိုင်အောင် ခြောက်လှန့်ကြသည်။ ရဟန်းတို့မှာ တရား၊ ကမ္မဋ္ဌာန်းတို့ကို ဖြောင့်ဖြောင့် နှလုံးမသွင်းနိုင်၊ စိတ်ခါတ်ချောက်ချား၊ နှလုံးစိတ်ဝမ်း ပင်ပန်းနွမ်းနယ်ဖြစ်ကြရသည်။ ဆွမ်းလည်း ဘုဉ်းမပေးနိုင်၊ ကျိန်းစက်လည်းမပျော် ကိုယ်စိတ်နွမ်းလျ ဖြစ်ကြရလေသည်။

ထိုအခါ ဝါတွင်းကာလ ဝါဆိုဝါကပ်ပြုနေကြရင်းမှာပင် မြတ်ဘုရားသီတင်းသုံးရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဆီ ခိုဝင်ချဉ်းကပ်ရတော့၏။ အကြောင်းရင်းကို ဘုရားရှင်က စုံလင်စွာ ကြားသိတော်မူသောအခါ ရဟန်းတို့အား မေတ္တာသုတ်တော်ကို ဟောကြားပေးခဲ့တော်မူသည်။ အစွမ်းထက်လှသော မေတ္တာတရားကို ဆောင်လျက်၊ မေတ္တာဘာဝနာစီးဖြန်းကာ ဆက်လက်အားထုတ်ကြရန် ညွှန်ကြားတော်မူလျက် တောအုပ်သို့ ပြန်လွှတ်လိုက်လေသည်။ ရဟန်းတို့လည်း ဘုရားရှင် မှာကြားတော်မူသည့်အတိုင်း မေတ္တာစီးဖြန်းကာ ဆက်လက်အားထုတ်ကြသည်။ ထိုအခါမှ နတ်၊ ရုက္ခစိုးတို့သည် ရဟန်းတို့အပေါ် ချစ်ခင်လာလျက် မည်သို့မျှ အနှောင့်အယှက်မပြုလုပ်ကြတော့ပေ။

ဤသို့ဖြင့် ရဟန်းတို့သည် တောအုပ်ထဲမှာပင် ဝါခေါင်လအတွင်း ဒုတိယဝါကပ်တော်မူကြကာ သီတင်းဝါလမကျွတ်မီမှာပင် ရဟန္တာကိုယ်စီဖြစ်တော်မူကြသည်။ ဤသို့လျှင် ဘုရားရှင်သည် ရဟန်းတော်ငါးရာတို့အား အကြောင်းပြု၍ မေတ္တာသုတ်ကို ဝါတွင်းကာလ ဝါခေါင်လ၌ ဟောကြားတော်မူခဲ့ပါသည်။ ဤအကြောင်းများကို ထောက်ရှု၍ ဝါခေါင်လပြည့်နေ့အား မေတ္တာအခါတော်နေ့ဟု ယခုအခါ ဗုဒ္ဓဘာသာနွယ်ဝင်တို့က သတ်မှတ်ကျင်းပကြပါသည်။

သိဟ်ရာသီ ဝါခေါင်လမှာ ခတ္တာပန်းများ ပွင့်လန်းသည်၊ မြစ်ချောင်း အင်းအိုင်များတွင် ရေများပြည့်လျှံကာ ထန်းသီးများ ဝင်းမှည့်ကုန်ကြသည်။ စာရေးတံပွဲများလည်း ကျင်းပလေ့ရှိပါသည်။ ဤမြင်ကွင်းကို ရှေးစာဆိုတစ်ဦးက **"ရေဘောင်ငယ်ပြည့်လျှမ်း၊ သောင်တင်းကျမ်းနှင့်၊ မှည့်ထန်းရွှေညှာ . . . ဝါခေါင်လမို့ . . . ပန်းခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ . . . ရွှေပြည်သူတို့ . . . လှူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ကွဲ့သည်ချိန်ကို. . ."** စသည်ဖြင့် ရေးဖွဲ့ထားခဲ့ပါသည်။

ဤဝါခေါင်လမြတ်၌ မေတ္တာသုတ်ဒေသနာကို ဟောမြွက်ညွှန်ပြတော်မူခဲ့သော မြတ်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မေတ္တာတရားဖြင့်သာလျှင် ရန်ဟူသမျှကို အောင်တော်မူခဲ့ပါသည်။ မဟာကရုဏာ မေတ္တာဓာတ်ဖြင့် ရန်ပြု လာသမျှကို အောင်ပွဲဆင်ခဲ့ပေသည်။

မေတ္တာသည် ဗြဟ္မဝိဟာရတရားလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပါသည်။ ဒေါသ၏ဆန့်ကျင်ဘက်ဖြစ်ကာ သီတာရေအသွင် ကြည်လင်အေးမြ၍ လရောင်ပမာ ဝင်းပချမ်းမြေ့ဖွယ်လည်းဖြစ်ပေသည်။ ငြိမ်းချမ်းလှပါပေသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင် မေတ္တာသုတ်တော် ဟောကြားတော်မူခဲ့သော ဝါခေါင်လမြတ်တွင် လူတိုင်းတစ်ဦးနှင့်တစ်ဦး ဣဿာမစ္ဆရိယစိတ်များ ကင်းစင်လျက် မေတ္တာစိတ်များအရင်းခံကာ ပေါင်းသင်းဆက်ဆံနိုင်ကြပါစေ။ သောကကင်းသော အိပ်ရာအဝင်၊ သောကစင်သော အိပ်ရာထတို့ဖြင့် လောကကောင်းကျိုးတို့ သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ခြွေလိုက်ရပါသတည်း. . .။ ။

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ

(၂၀၁၁-ဩဂုတ်လ)

၁။ မွေးစမှ ကလေးအသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

၂။ အသက် (၆)လမှ (၅)နှစ်အောက်ကလေးများကို ဗီတာမင်အေ ဆေးလုံးတိုက်ပါ။
၃။ အသက် (၂)နှစ်မှ (၅)နှစ်အောက်ကလေးများနှင့် မူလတန်းအရွယ်ကလေးများကို (၆)လတစ်ကြိမ် သန်ချဆေးတိုက်ပါ။

၄။ အမျိုးသမီးများ သံဓာတ်အားဆေး မှီဝဲပါ။
၅။ ကိုယ်ဝန်(၃)လအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေးတစ်ကြိမ်တိုက်ပါ။
၆။ ကိုယ်ဝန်နောက်ဆုံးလမှ မွေးဖွားပြီး (၃)လအထိ ဗီတာမင်ဘီဝမ်းဆေးပြား တိုက်ကျွေးပါ။

၇။ မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
၈။ အသက်အရွယ်မရွေး အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef

ဆုချီးမြှင့်

၂၀၁၁ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးစံပြဆုရ ကျောင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက်က တာမွေမြို့နယ် အထက(၁)ကျောင်း ပင်လုံခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက တာမွေ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်နန့်အီဗာအား အထက်တန်းအဆင့် ကျောင်းကျန်းမာရေး စံပြထူးချွန်ဆု ချီးမြှင့်စဉ်။ (၀၂၅)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၁၃

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၁၀၀%
၂	ကယားပြည်နယ်	၂၇	၂၀	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၄	ချင်းပြည်နယ်	၁၉	၁၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၃	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၈	၂၁	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၅	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၃	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

ဇူလိုင် ၃၀ရက်က မကွေးမြို့ အထက(၁)လမ်းနှင့် စွယ်တော်လမ်းထောင့်ရှိ ကန်သာကန် သန့်ရှင်းသာယာလှပရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(သန့်) ဦးအောင်ကိုကိုနှင့်ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ ချုံနွယ်များ၊ အမှိုက်များရှင်းလင်းရာ မြို့နယ်အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် မြို့မိမြို့ဖ ဦးကျော်ဝင်းတို့က ကြီးကြပ်ကြစဉ်။ (မြို့နယ်စည်ပင်)

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဩဂုတ် ၁၃

ဦးနေမျိုးနိုင် (လက်ထောက်ညွှန်ကြားရေးမှူး မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့)သည် ဩဂုတ် ၁၀ ရက်တွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon No.4 ဂေါက်သီးအား Taylormade Iron NO - 7 တုတ်ဖြင့် ရိုက်လိုက်ရာ ကျင်းအမှတ်(၁၂) ၁၅၅ကိုက် အကွာအဝေးကို တစ်ချက်တည်း ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးတန်အောင်၊ ဦးကျော်မိုးထွန်း၊ ဦးကျော်သူအောင်တို့နှင့်အတူ ကွင်းပတ်ကစားလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

■ *ကျော်ဖုံးမှ*

ယင်းလေယာဉ်ငယ်တွင် မြင်းကောင်ရေ ၈၅ အင်ဂျင်စွမ်းအားရှိသော အင်ဂျင်တစ်လုံးကို တပ်ဆင်ထားသည်။ လေယာဉ်တစ်စင်းလုံး၏ အလေးချိန်မှာ ၅၄၇ ပေါင် (၂၄၈ ကီလိုဂရမ်)ရှိပြီး ကုန်ပစ္စည်း ၇၂၅ ပေါင် (၃၅၉ ကီလိုဂရမ်)ကို တင်ဆောင်ပျံသန်းနိုင်သည်။

မောင်းနှင်နိုင်

ကမ္ဘာ့အသေးငယ်ဆုံး လေယာဉ်ငယ်ပျားပိတုန်းမှာ မောင်းနှင်သူတစ်ဦးသာစီးနိုင်ပြီး တစ်နာရီလျှင် မိုင်၁၈၀ နှုန်းအထိ မောင်းနှင်ပျံသန်းနိုင်အောင် တည်ဆောက်ထားသည်။ ၁၉၈၄ခုနှစ်နောက်ပိုင်း အသေးငယ်ဆုံး လေယာဉ်ဖြစ်ပြီး လေယာဉ်မှူး ရောဘတ်စတားက အောင်မြင်စွာ စမ်းသပ်မောင်းနှင် ပျံသန်းနိုင်ခဲ့သည်။ ၁၉၈၀ခုနှစ် မတိုင်မီက စကိုင်းဘေဘီအမည်ရှိ လေယာဉ်ငယ်မှာ ကမ္ဘာ့အသေးငယ်ဆုံး လေယာဉ်ဖြစ်ခဲ့သော်လည်း ယခုပျားပိတုန်း(Bumble Bee)လေယာဉ်မှာ ကမ္ဘာ့အသေးငယ်ဆုံး လေယာဉ်တစ်စင်းဖြစ်လာသည်။ စကိုင်းဘေဘီမှာ ကိုယ်ထည်အရှည် ၉ ပေ ၁၀ လက်မရှိပြီး လေယာဉ်တောင်ပံတစ်ခု၏ အရှည်မှာ ၇ ပေ ၂ လက်မရှိရာ ယခုထုတ်လုပ်လိုက်သည့် ပျားပိတုန်းလေယာဉ်ထက် အနည်းငယ်ပိုမိုကြီးမားသည့် လေယာဉ်ဖြစ်သွားခဲ့ပြီဖြစ်သည်။ (အင်တာနက်)

❑ ရှေ့မှ

မြို့နယ်တရားရုံးများ၏ တရားမမူလမှု စီရင်ပိုင်ခွင့် အာဏာများကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယင်းသို့ တရားမမူလမှု စီရင်ပိုင်ခွင့် အာဏာများ တိုးမြှင့်အပ်နှင်းပေးခြင်းဖြင့် တရားမမှုများ စစ်ဆေးရာတွင် တရားရုံးအဆင့်ဆင့်သည် စီရင်ပိုင်ခွင့် အာဏာများကို ခွဲဝေသုံးစွဲခွင့်ရရှိသဖြင့် တရားမမှုများ စစ်ဆေးပြီးပြတ်မှု သွက်လက်မြန်ဆန်လာမည် ဖြစ်ကြောင်း၊ တရားသူကြီးများအနေဖြင့်လည်း ပြည့်စုံမှန်ကန်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊ တိကျမှန်ကန်စွာ ဆင်ခြင်သုံးသပ်ပြီး ဥပဒေနှင့်အညီ ဆုံးဖြတ်ခြင်းရှိရန်လည်း လိုအပ်ကြောင်း။

ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရမည်ဟူသော မူတစ်ရပ်လည်းရှိကြောင်း၊ ဤသည်မှာ တရားသူကြီးတစ်ဦးသည် အဂတိကင်းစွာ ဘက်မလိုက်ဘဲ ဥပဒေနှင့်အညီ စီရင်ရန် တာဝန်ပေးခြင်းဖြစ်ကြောင်း၊ တရားစွဲဆိုခံရသူကို ခုခံချေပခွင့်ပေးပြီး တရားရုံးက အရှုံးပေးလျှင်၊ အပြစ်ပေးလျှင် အယူခံဝင်ခွင့်ရှိကြောင်း၊ ထို့ပြင် အမှန်တရားထွန်းကားရေးသည် ပြည်သူတိုင်း၏ အရေးကိစ္စလည်း ဖြစ်ကြောင်း။

ကြိုးပမ်းအားထုတ်

ထို့ကြောင့် နိုင်ငံတော်က ရည်မှန်းထားသော တရားစီရင်ရေးမဏ္ဍိုင်ကြီး ဖြောင့်မတ်မှန်ကန်စွာ ရပ်တည်ရေးအတွက် အကျင့်သိက္ခာ၊ သီလ၊ သမာဓိနှင့် ပြည့်စုံသော တရားသူကြီးကောင်းများဖြစ်အောင် ကြိုးစားကြရန်၊ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းစွာ ပြည်သူက ယုံကြည် လေးစားလောက်သည့် ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်သူများ ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

သုံးခွမြို့ မဟာအတုလဝေယံသာသနာ့ဗိမာန်တော် ဆောက်လုပ်ရေး

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၃

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ စစ်ကုန်းကျောင်းတိုက်၌ ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထိုမှတစ်ဆင့် သုံးခွမြို့ မြို့မရေလည်ကျောင်းတိုက်၌ ပဓာန နာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒာလင်္ကာရအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းတိုက်အတွင်း၌ ဆောက်လုပ်လျက်ရှိသည့် သုံးခွမြို့နယ်လုံးဆိုင်ရာ မဟာအတုလဝေယံသာသနာ့ဗိမာန်တော် ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ကျောက်စိမ်း အတွဲပေါင်း ၂၀၅ တွဲကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်းရတနာကုန်သည်များအား ရောင်းချပေးသွားမည်ဖြစ်ကာ ဩဂုတ် ၁၂ ရက်မှ ၁၄ ရက် အထိ ကျောက်စိမ်းအတွဲများ ကြည့်ရှုမှတ်သားခြင်းနှင့် ဈေးနှုန်း အဆိုပြုလွှာများ ထည့်သွင်းကြရမည်ဖြစ်ပြီး ဩဂုတ် ၁၅ရက်နှင့် ၁၆ ရက်တို့တွင် အဆိုပါ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သုံးခွမြို့နယ်လုံးဆိုင်ရာ မဟာအတုလဝေယံသာသနာ့ဗိမာန်တော် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲ ဆေးပညာဟောပြောပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲမှ Restoring Health , Reviving Life: FOOD and DRUG ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ Auditorium A ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဟောပြောပွဲတွင် ဆေးတက္ကသိုလ်(မန္တလေး) ဇီဝကမ္မဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာအေးအေးသိန်းက Eat to beat obesity ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး မေ့ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာမူမူနိုင်က Total parenteral nutrition ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၁)ဇီဝဓာတုဗေဒဌာနမှ ပါမောက္ခဒေါက်တာမျိုးဝင်းက Nutraceuticals (Nutrition in the 21st century)ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင့်ဆွေလတ်က Healthy diet ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြမည်ဖြစ်ပြီး သဘာပတိအဖြစ် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များအရေးပေါ်ရန်ပုံငွေအဖွဲ့၏ အမျိုးသားအကြံပေးပညာရှင် ဒေါက်တာဦးလှကြည်က ဆောင်ရွက်မည်ဖြစ်သည်။

စိတ်ပါဝင်စားသူများသည် ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့ရှိ ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆:၃၀	MRTV-4 သတင်း
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၅)
၇:၃၀	**FIFA U-20 WORLD CUP COLOMBIA 2011 (Mexico Vs Colombia) (Live)**
၉:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၇)
၁၀:၄၅	MRTV-4 7th Anniversary ဂန္ထဝင်သံစဉ်များ (အပိုင်း -၂)
၁၁:၄၀	Sunday Talk
၁၂:၁၀	ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံ မေးခွန်းများ (အပိုင်း -၂)
၁၂:၅၀	**အေးချမ်းသောရင်ခွင်** (မေတ္တာအခါတော်နေ့) တရားတော် ဆရာတော်အရှင်ပညာသီဟာဘိဝံသ
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း **သူများစကားနားထောင်တာကောင်းတယ်၊ သူများစကားနားမထောင်တာကောင်းတယ်**
၃:၄၀	ဗီဒီယိုပြခန်း
၄:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၇)
၅:၀၅	Sewing mill " Shinsung" (ရွှေပေါက်ကံစက်မှုဇုန်)
၅:၃၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅:၅၀	စိတ်တိုင်းကျ ဝန်ဆောင်မှုအစစ် THISA AIRCON SERVICE
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၉၆)
၇:၀၅	MRTV-4 7th Anniversary ဂန္ထဝင်သံစဉ်များ (အပိုင်း -၃)
၈:၀၀	MRTV-4 သတင်း
၈:၃၀	A Journey to the Korea
၈:၅၀	သွားမယ်စားမယ် (ရွှေလီအသားကင်ဆိုင်)
၉:၁၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ပုံရိပ်ထင်ထင် အမိတက္ကသိုလ် ရင်ခွင်တေးများ) (အတွဲ -၃)
၉:၂၅	**Barclays Premier League West Brom Vs Man U**
၁၁:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၈)
၁၂:၂၀	Celebrity Profile (မန္တလေးသိန်းဇော်)
၁၂:၅၅	မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
၁:၁၀	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
၁:၂၀	**ကိုစိန်နှင့်ကိုယ်ဝန်ဆောင်မိခင်** စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၁:၂၅	နယဉ်ဆန်းထွင်ပန်းအလှဆင် (V ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း၊ T ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
၁:၅၀	အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းဝေနို့မှုန့်မှာ
၂:၀၅	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၂:၃၀	**FIFA U-20 WORLD CUP COLOMBIA 2011 (France Vs Nigeria) (LIVE)**
၄:၃၀	မပြုမပြင် သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၄:၄၀	ရှင်တော်မဟာမုနိ… ဘဂဝါပူဇေမိ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Stoke City- Chelsea	ESPN (Live)
၉:၂၅	Westbromwich-Man U	ESPN (Live)

ဩဂုတ် ၁၃ရက်က မေတ္တာအခါတော်နေ့ (ဝါခေါင်လပြည့်)အား ရည်စူး၍ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ရိပ်အောက်ရှိ တနင်္လာ၊ အင်္ဂါနှင့် ကြာသပတေးနေ့ မေတ္တာဘာဝနာပွားများပွဲများမှ မေတ္တာရှင်များနှင့် ဓမ္မမိတ်ဆွေများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၂၁၆၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

သင့်ကြောင့် ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါ်ခင်စန်းတင့်က သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်ကို ရှင်းလင်းပြောကြားစဉ်။

* ရှေ့ဖုံးမှ

သို့သော် နောက်ပိုင်းကာလများတွင်မူ ဆန်တင်ပို့မှုကို ဒေသတွင်း ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့က ဦးဆောင်ရယူသွားခဲ့ကြသည်။

မလွဲဧကန်

မြန်မာတောင်သူတို့၏ အဓိကအားနည်းချက်ကား မိရိုးဖလာစပါးစိုက်နည်းများကို တရားသေဆုပ်ကိုင်ထားခြင်းသည်လည်း တစ်ကြောင်းပါလိမ့်မည်။ ယခင်က **''စာမတတ်ရင် လယ်လုပ်''** ဆိုသည့်ခေတ်မှ ယခု **''စာတတ်မှ လယ်လုပ်''** ရမည့်ခေတ်ကို ကူးပြောင်းလာသည်။ မျက်မှောက်ခေတ်တွင် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်၌ မိရိုးဖလာစိုက်နည်းအစား သိပ္ပံနည်းကျစိုက်နည်းစနစ်ကို မလွဲဧကန်အသုံးပြုရန် လိုအပ်လာခဲ့ချေပြီ။

မေးမြန်း

သို့မို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းလယ်ယာအတွင်း သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစွာ လက်တွေ့စိုက်ပျိုးထားမှုကို သွားရောက်ကြည့်ရှုလေ့လာပြီး တောင်သူပညာပေး စံပြစိုက်ခင်းတာဝန်ခံ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါ်ခင်စန်းတင့်အား သိရှိလိုသည်များကို အောက်ပါအတိုင်း မေးမြန်းခဲ့ပါသည်။

မေး ။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနဲ့ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ချက်များကို သိပါရစေ။

ဖြေ ။ ။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနဲ့ စိုက်ပျိုးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ကြီးငါးရပ်ကို ဖိဖိစီးစီး ဆောင်ရွက်နေပါတယ်။ အဲဒါတွေကတော့ အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို အသုံးပြုစေခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များကို အသုံးပြုစေခြင်း၊ စိုက်ပျိုးရေးအပါအဝင် သွင်းအားစုများဖြစ်တဲ့ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာနဲ့ ပိုးသတ်ဆေးများကိုလည်း အချိန်ကိုက်၊ အချိုးကျ အသုံးပြုစေခြင်း၊ မျိုးစေ့သွင်းအားစု အပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ အလေအလွင့် ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်စေခြင်း၊ ဒါ့အပြင် ထွက်ရှိလာမယ့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါတယ်။ အခုဆိုရင် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

မေး ။ ။ သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်နဲ့ စပ်လျဉ်းပြီး သိပါရစေခင်ဗျာ။

ဖြေ ။ ။ နံပါတ်(၁)က ပေါင်စနစ်ဖြင့် ပျိုးထောင်ရပါမယ်။ တစ်ဧကစာအတွက် (၃ပေ×ပေ၁၂၀×၄လက်မ) ပျိုးပေါင် ခုနစ်ပေါင် လိုအပ်ပါမယ်။ ပေါင်စနစ်နဲ့ ပျိုးထောင်ခြင်းအားဖြင့် မျိုးစေ့အပင်ပေါက် သေချာစေခြင်း၊ ပေါက်လာသောအပင် ကျန်းမာသန်စွမ်းစေခြင်းနဲ့ ပျိုးပင်ဘဝမှာ ကြီးထွားမှုအားကောင်းစေပါတယ်။ မျိုးစေ့တစ်ဘူးလျှင် ၇၅၀၀၊ ၁၀ ဘူးဆိုလျှင် ၇၅၀၀၀၊ ဘူး ၂၀ ဆိုရင် ၁၅၀၀၀၀ ရှိပြီးဖြစ်လို့ တစ်ဧက ပျိုးပင် ၁၂၀၀၀၀-၁၅၀၀၀၀ ရှိရမှာဖြစ်တဲ့အတွက် တစ်ဧက မျိုးစေ့နှစ်ဆအသုံးပြုမယ်ဆိုရင်တောင် နို့ဆီဘူး ၄၀ မျိုးစေ့ငါးပြည်သာ ကုန်မှာဖြစ်ပါတယ်။ မိရိုးဖလာနည်း ပျိုးထောင်စိုက်ပျိုးမယ်ဆိုပါက မျိုးစေ့ နှစ်တင်း၊ သုံးတင်း အသုံးပြုကြရာ ပေါင်စနစ်နဲ့ စိုက်ပျိုးခြင်းအားဖြင့် တစ်ဧကစပါးမျိုး ၂၇ ပြည် သက်သာမယ်။ တစ်တင်းခွဲခန့် သက်သာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စပါးစိုက်ဧက စုစုပေါင်းသန်း ၂၀ ဖြစ်လို့ စုစုပေါင်း စပါးတင်း သန်းပေါင်း ၃၀ ခန့် ပိုလျှံလာပြီး လူဦးရေ နှစ်သန်းခန့် စားနပ်ရိက္ခာဖူလုံလာမှာလည်း ဖြစ်ပါတယ်။ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် လုပ်သားတွေ၊ မြေမဲ့ယာမဲ့သမားတွေ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမှာ ဖြစ်ပါတယ်။

မျိုးစေ့များ မပျက်စီးစေရန်နှင့် မိုးရေတွင် မျောပါမသွားစေရန် မြေဆွေးဖုံးဆောင်ရွက်ထားစဉ်။

ကုန်ကျစရိတ်သက်သာ

နံပါတ် (၂)က မျိုးစေ့များ ပူးကပ်ခြင်းမရှိအောင် ပျိုးကြဲရပါမယ်။ မျိုးညှောင့်ဖောက်ပြီး မျိုးစေ့ ငါးပြည် အသုံးပြုရပါမယ်။ မျိုးစေ့များ တစ်စေ့နှင့် တစ်စေ့ ပူးကပ်ခြင်းမရှိအောင် သတိပြုရပါမယ်။ မိရိုးဖလာနည်းအဖြစ် ပျိုးထောင်မယ်ဆိုပါက မျိုးစေ့များ ပူးကပ်၍ ကျန်းမာသန်စွမ်းသော ပျိုးပင်များ မရရှိတဲ့အပြင် မျိုးကုန်ကျမှုလည်း များပြားပါတယ်။ ပေါင်စနစ်နဲ့ ပျိုးထောင်ခြင်းနည်းစနစ်ကို ဧရိယာဧက များများစိုက်တဲ့ တောင်သူတွေမှာဆိုရင် မျိုးစေ့အသုံးပြုမှု ကုန်ကျစရိတ် သိသိသာသာ သက်သာသွားတာကို တွေ့ရမှာဖြစ်ပါတယ်။

ပျိုးပင်များ ပူးကပ်ခြင်းမရှိအောင် မျိုးစေ့ချစဉ်။

တိုက်တွန်း

နံပါတ်(၃)က မျိုးစေ့များမပျက်စီးစေရန်နဲ့ မိုးရေမှာ မျောပါမသွားစေဖို့ မြေဆွေးဖုံးရပါတယ်။ ပျိုးပေါင်မှာ အညှောင့်ဖောက်ပြီးသား မျိုးစေ့ချပြီးတာနဲ့ အပေါ်ယံကို ဖွဲပြာနဲ့ နွားချေးမှုန့်ရောပြီး ပါးပါး သို့မဟုတ် တမန်းပျစ်ရေနဲ့ ဖုံးအုပ်ပေးရမှာဖြစ်ပါတယ်။ ဒီလို ဖုံးအုပ်ပေးခြင်းအားဖြင့် မျိုးစေ့ကို ကြွက်၊ ငှက်၊ ခရု အန္တရာယ်က ကာကွယ်နိုင်တဲ့အတွက် မျိုးစေ့ဆုံးရှုံးမှု ပျိုးပင်မလုံလောက်မှုတွေ မဖြစ်ပေါ်နိုင်ပါ။ မိရိုးဖလာနည်းဖြင့် ကြဲပက်စိုက်ပျိုးပါက မျိုးစေ့များအား ကြွက်၊ ငှက်၊ ခရုတွေ ဖျက်ဆီးခံရလို့ အပင်ပေါက်မစုံခြင်း၊ ကွက်ကြားဖြစ်နေခြင်းတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် မိရိုးဖလာနည်းအစား သိပ္ပံနည်းကျ ပျိုးထောင်နည်းစနစ်ကို အစားထိုးကျင့်သုံးသွားဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ပိုမိုသန်စွမ်း

နံပါတ်(၄)က ပျိုးခင်းကို စနစ်တကျ ပြုစုပေးရပါမယ်။ ပျိုးပေါင်မှာ ရေမပြတ် ပါးပါးသွင်းပေးခြင်းအားဖြင့် ပျိုးပင်အမြစ်တွေဟာ နေရောင်ခြည်စွမ်းအင်ရရှိပြီး အမြစ်များ ပိုမိုသန်စွမ်းကာ ပျိုးပင်ပါး၊ ပျိုးပင်အလို တွေ မဖြစ်စေဘဲ ကျန်းမာသန်စွမ်းပြီး အပင်ပွားများတဲ့ ပျိုးပင်တွေကို ရရှိစေနိုင်တဲ့အတွက်ကြောင့် ပျိုးခင်းမှာ ရေမပြတ် ပါးပါးထိန်းသိမ်းမှုဟာလည်း လွန်စွာမှ အရေးကြီးလှပါတယ်။ မိရိုးဖလာနည်းနဲ့ ပျိုးထောင်ထားသော ပျိုးခင်းများမှာဆိုရင် မျိုးစေ့ကို ခပ်ထူထူနဲ့ ဧရိယာကျယ်ကျယ် ပျိုးတတ်ကြတဲ့အတွက် ရေကို လိုသလို ထိန်းသိမ်းမှုခက်ခဲလို့ ရေရတဲ့နေရာက ပျိုးပင်များကောင်းမွန်သန်စွမ်းပေမယ့် ရေမရတဲ့နေရာမှာ ပျိုးပင်များညှိုးသည်ကို တွေ့မြင်ရပြီး ရေလုံးဝမရှိတဲ့နေရာများမှာ သမန်းသေပြီး ပျိုးပင်တွေ ဝါနေတတ်တယ်။

(ဆက်လက်ဖော်ပြပါမည်)

ပျိုးခင်းကို စနစ်တကျ ပြုစုပေးစဉ်။

အလှူငွေ ပေးအပ်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဇူလိုင် ၁၆ ရက်က ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ အလှူရှင် ရန်ကုန်မြို့နေ ဗိုလ်ကြီးလှဝင်း(ငြိမ်း)က ကျောင်းအုပ်ဆရာမကြီး ဒေါ်လှကြည်ထံ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၄-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဟင်နရီရဲ့အိပ်မက်** (အပိုင်း-၄)
- ၁၁:၄၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မြေစာပင်**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၇)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၂၀ ၇။ ပညာပေးဇာတ်လမ်းတို ငါးရစ်မျိုးငါး တို့မစား
- ၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၄၅ ၉။ မြန်မာ့ရှုခင်း
- ၅:၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ဒီဖိုင်နာတို့ရဲ့ဒီဇိုင်း
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ **ဘဝကြေးမုံ ထင်ရုံမြင်ရုံ ရွှေရင်ခုန်လို့** မင်းသူ၊ မိုခမ်းနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ- ဆဲဗင်း] (အိုင်စီ)
- ၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၅၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၂။ ပဟေဠိနန်းတော်
- ၂၃။ ကျန်းမာသုတ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၄၃)
- ၂၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၇၃)

ကျိုင်းတုံခရိုင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၁၃

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဩဂုတ် ၁၁ ရက် ညနေပိုင်းတွင် ကျိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၉ /၂၀၁၁)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၅၇/၂၀၁၁) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများကို ပေးအပ်ကာ**(ယာပုံ)** သင်တန်းသူများ၏ လက်မှုအနုပညာလက်ရာများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တွဲဖက်ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ညနေပိုင်းတွင် ကျိုင်းတုံမြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကျိုင်းဖောင်းတံတားအောက်ရှိ မြို့ရေပေးဝေရေး ရေပိုက်သွယ်တန်းထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟားခါးမြို့နယ် ပြည်နယ်အစိုးရရုံးရှေ့ ကျောက်စီရေမြောင်းလုပ်ငန်းကို ဩဂုတ် ၂ ရက်က အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလိန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၃

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၂၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၀ စင်တီမီတာ (၀ ဒသမ ၇ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၁၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၉ စင်တီမီတာ(၀ ဒသမ ၆ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ပဲခူးမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၁၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈ စင်တီမီတာ (၀ ဒသမ ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာ အောက်သို့ ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၂၈၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာသို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

သတင်းမှတ်စုနှင့်ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် မြန်မာ-ဂျပန် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် ပထမဆုရရှိသွားသော စိုးလင်းဦး (မြန်မာ) အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

မြန်မာ-ဂျပန် နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စိုးလင်းဦး(မြန်မာ)အနိုင်ရ၊ ကြယ်လင်းအောင်(မြန်မာ) ပွဲတွဲသရေ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ညွှန်ကြားမှုဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က ကြီးမှူးပြီး H & S Group မှ စီစဉ်သော ၂၀၁၁ခုနှစ် မြန်မာ-ဂျပန် နိုင်ငံတကာ ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲ ပထမနေ့များကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

ပထမနေ့ပွဲစဉ်များတွင် ပြည်တွင်း လေးချီအထူးစိန်ခေါ်ပွဲများအဖြစ် သပြေအောင်(ဘီလပ်မြေစက်ရုံ)နှင့် ကညောမိုး (ရွှေကုက္ကို)၊ ဖိုးလပြည့်(EVER GREEN) နှင့် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)၊ ဝင်းမောက် (မျိုးဇာနည်)နှင့် သွေးသစ်ဝင်းလှိုင် (မျိုးဆက်သစ်) ယှဉ်ပြိုင်ထိုးသတ်ကြရာ ပွဲတွဲသရေပွဲများအဖြစ် လည်းကောင်း၊ ပြည်တွင်း ငါးချီစိန်ခေါ်ပွဲများအဖြစ် စိန်လင်းအောင် (ရွှေကုက္ကို)နှင့် ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပွဲတွဲသရေပွဲအဖြစ်လည်းကောင်း၊ ပဲပြားမောင်မောင် (ဝါဆို)နှင့် ဂေါ်မူတို (T&T) တို့ပွဲတွင် ပဲပြားမောင်မောင်က ဂေါ်မူတိုကို ဒုတိယအချီ ၂ မိနစ် ၄၇ စက္ကန့်တွင် အလဲထိုး၍ လည်းကောင်း၊ သားသား (T&T)နှင့် ဒေါင်းသည်းချေ (ဝါဆိုကလပ်) ပြိုင်ပွဲတွင် ပွဲတွဲသရေပွဲအဖြစ်လည်းကောင်း၊ နိုင်ငံတကာရိုးရာလက်ဝှေ့ငါးချီ အထူးစိန်ခေါ်ပြိုင်ပွဲများတွင် စိုးလင်းဦး (မြန်မာ)က ရှီနိုဟာရာ (ဂျပန်)ကို ငါးချီမြောက် ၁ မိနစ် ၄၄ စက္ကန့်၌ အမှတ်စဉ် လေးကြိမ် ရေတွက်ခံရပြီး စိုးလင်းဦး(မြန်မာ)က အနိုင်ရရှိသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က စိုးလင်းဦး(မြန်မာ) အား ချန်ပီယံဆုဖလားနှင့် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးခွန်မြတ်က စိုးလင်းဦး(မြန်မာ)အား ငွေကျပ်ငါးသိန်းတို့ကို ချီးမြှင့်ကြသည်။ ကြယ်လင်းအောင် (မြန်မာတောင်ကလေး)နှင့် ကူရီနိုင်းတိုရှီယာ(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်သည့် ပွဲတွင် ပွဲတွဲသရေပွဲဖြစ်ကာ ၄င်းဆုများကို ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က ဆုများချီးမြှင့်သည်။

ဩဂုတ် ၁၄ရက် အထူးငါးချီစိန်ခေါ်ပွဲ၌ စောငမန်း(မြန်မာ၊Ever Green) နှင့် ဆာမူကာဝါ(ဂျပန်)၊ ဖိုးကေ(မြန်မာ၊ ဧဝရက်)နှင့် ခရေဇီ 884(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ပြည်တွင်း အထူးစိန်ခေါ်ပွဲ လေးချီသုံးပွဲနှင့် ငါးချီသုံးပွဲ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

၂၀၁၁ ခုနှစ် နဝမအကြိမ်မြောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌဖလားနှင့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ဒေါ်အေးအေးမူက အမျိုးသမီး (၄၀-၄၅) ကီလိုတန်းနှင့် (၄၅-၅၀)ကီလိုတန်း ပြိုင်ပွဲများတွင် ဆုရရှိသူများကို လည်းကောင်း မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး (၅၀-၅၅) ကီလိုတန်းနှင့် (၅၅-၆၀) ကီလိုတန်းပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

အကောင်းဆုံးအားကစားသမား

*ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီ ဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ လက်သိုင်း (အတိုက်) ပြိုင်ပွဲတွင် ဇေယျာ (ကာကွယ်ရေး-က)နှင့် ဓားသိုင်း (အတိုက်)ပြိုင်ပွဲတွင် နေမျိုးအောင် **(Jade Land Myanmar** အသင်း) တို့အား အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးက ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ် သူရဘိုနီက မြန်မာနိုင်ငံ အမျိုးသား အားကစား ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲတွင် ဒုတိယဆုရ စီးပွား/ကူးသန်း ဝန်ကြီးဌာန (က)အသင်းနှင့် တတိယဆုရ **Jade Land Myanmar** အသင်းတို့အား ငွေသားဆုများ ချီးမြှင့်သည်။*

တံခွန်စိုက်ဒိုင်းဆု

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (၁၄) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်သိုင်းပြိုင်ပွဲများ၌ ပထမတံခွန်စိုက်ဒိုင်းဆုရရှိကြသည့် လက်သိုင်း(အတိုက်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်း အားလည်းကောင်း၊ ဓားသိုင်း(အတိုက်) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အသင်းအား လည်းကောင်း၊ စွမ်းရည်ပြ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ၂၀၁၁ခုနှစ် နဝမ အကြိမ် မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီ ဥက္ကဋ္ဌဖလား ပထမတံခွန်စိုက်ဒိုင်းဆုရ ကာကွယ်ရေးဝန်ကြီး ဌာန (က) အသင်းအားလည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများ ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။
(မြန်မာ့အလင်း)

အလွတ်တန်းဘောလုံးပြိုင်ပွဲ ပျော်ဘွယ်မြို့၌ ကျင်းပ

ပျော်ဘွယ် ဩဂုတ် ၁၃

ပျော်ဘွယ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ၊ မြို့နယ်ဘောလုံးဆပ်ကော်မတီတို့က ကြီးမှူးကျင်းပသော မိုးရာသီ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၇ ရက် ညနေ ၃နာရီက ပျော်ဘွယ်မြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ရွှေပြည်ရန်အောင် ရပ်ကွက် ဘောလုံးအသင်းနှင့် တောတွင်လှ ကျေးရွာအုပ်စု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောတွင်လှကျေးရွာအုပ်စု ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဆုရရှိသော ရွှေပြည်ရန်အောင် ရပ်ကွက်အသင်းအား မြို့နယ်အားကစားမှူး ဦးဆန်းဝင်းသန်းက လည်းကောင်း၊ ပထမဆုရရှိသော တောတွင်လှကျေးရွာအုပ်စု အသင်းအား ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းခိုင်ကလည်းကောင်း၊ ပထမဆုရရှိသော တောတွင်လှ ဘောလုံးအသင်းအား ပထမဒိုင်းဆုကြီးကို မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက လည်းကောင်း ဆုချီးမြှင့်ကြသည်။ **(ဓာတ်ပုံ)** ပျော်ဘွယ်မြို့နယ် ဒုတိယအကြိမ် မိုးရာသီဘောလုံးပြိုင်ပွဲကို ၂၀၁၁ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ သတ္တုတွင်းဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ကျင်းပသွားမည်

တတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများကို ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ လည်းကောင်း၊ အကြိုဗိုလ်လုပွဲများကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် လည်းကောင်း၊ တတိယနေရာလုပွဲကို ဩဂုတ် ၂၅ ရက်တွင် လည်းကောင်း အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၆ ရက်တွင် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း ဝါးခယ်မမြို့နယ်၌ ဖွင့်

ဝါးခယ်မ ဩဂုတ် ၁၃

ဝါးခယ်မမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်း၍ တိုင်းရင်းဆေးဖြင့် ပဏာမစောင့်ရှောက်မှုသင်တန်းဖွင့်ပွဲကို ဩဂုတ် ၄ ရက်က အသင်းရုံး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကိုကိုကြီးက အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်တိုင်းရင်းဆေးမှူး၊ လက်ထောက်တိုင်းရင်းဆေးမှူးများက ကျန်းမာရေးဆိုင်ရာများ သင်ကြားပို့ချခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၃

ပညာရွှေအိုးစာကြည့်တိုက် ကျောင်းကုန်းမြို့နယ်၌ဖွင့်

ကျောင်းကုန်းမြို့နယ် ထောက်ရှာကျေးရွာတွင် ပညာရွှေအိုးစာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၄ရက် နံနက် ၁၀နာရီကကျင်းပရာ စာကြည့်တိုက်ဆိုင်းဘုတ်ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ ***(ယာပုံ)***

လွှဲပြောင်းပေးအပ်

ထို့နောက်အလှူရှင် ဦးကြည်ထွန်းမိသားစုက ဆောက်လုပ်လှူဒါန်းသော ငွေကျပ်သိန်း ၆၀တန်ဖိုးရှိ ပညာရွှေအိုးစာကြည့်တိုက်အဆောက်အအုံနှင့်မြေနေရာလှူဒါန်းမှုအတွက်စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ငွေကျပ်ငါးသောင်းတန်သုတ၊ ရသစာအုပ်စာစောင်များ၊ အဆောက်အအုံအလှူရှင်က ငွေကျပ်သုံးသိန်းတန်ဖိုးရှိသုတ၊ ရသစာအုပ်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာပြည်သူများက စုပေါင်းလှူဒါန်းသော ရုပ်မြင်သံကြားစက်တစ်လုံးနှင့် အီးဗွီဒီပြစက်တစ်လုံးတို့ကို သက်ဆိုင်ရာ စာကြည့်တိုက် ကော်မတီများထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပညာသင်ဆုများ ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၃

ယခုနှစ် စက်တင်ဘာလနှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလများတွင် ဖွင့်လှစ်မည့် IGCSE, ACE A Level, International Baccalaureate(IB) Diploma, US High School Grades-9-12, High School Preparation, University Foundation, Diploma, Accelerated College Degree, Pre-Master's နှင့် Pre-MBA Programme များအတွက် UK ရှိ EF International Academy မှ ပညာသင်ဆုများ ချီးမြှင့်မည်ဖြစ်ရာ ထိုပညာသင်ဆုများကို အသက် (၁၄) နှစ်ပြည့် ပြီးသော International School မှ ကျောင်းသား ကျောင်းသူများ၊ IGCSE တက်နေဆဲနှင့်အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တက်နေဆဲ ကျောင်းသား ကျောင်းသူများ၊ ဘွဲ့ရပြီးသူများ လျှောက်ထားနိုင်ကာ EF မှ Scholarship ချီးမြှင့်မည့် IGCSE, US High School Grade-9-12 နှင့်High School Preparation Programme များကိုတက်ရောက်လိုသူများမှာGrade-8(သို့မဟုတ်) Secondary 2 အောင်မြင်ထားပြီး IELTS (4.5) ရှိရမည်ဖြစ်ကြောင်း၊ GCE A Level နှင့် IB Diploma Programme တို့အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားပြီး IELTS (5.5) သို့မဟုတ် GCE O Level / IGCSE တွင် သင်္ချာအပါအဝင်ဘာသာရပ်ငါးခု ၌ အနည်းဆုံး Grade-C ရထားရမည်ဖြစ်ကြောင်း၊ IELTS အမှတ်မရှိပါက EF ၏ အင်္ဂလိပ်စာ စာမေးပွဲကို Synergy Education တွင် ဖြေဆိုနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို Synergy Education ခြံအမှတ် (၅၂၀/ဒီ-၁)ရွှေဂုံတိုင် (Excel Tower အနောက်ဘက်) ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၄၂၈ နှင့် ၀၉-၅၅၀၄၉၃၁ တို့ထံသို့ ဆက်သွယ်မေးမြန်း လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပညာသင်ထောက်ပံ့ကြေး ဘားအံမြို့နယ်၌ပေးအပ်

ဘားအံ ဩဂုတ် ၁၃

ကရင်ပြည်နယ် ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါရုံး၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ဟန် (ငြိမ်း) က အမှာစကားပြောကြားသည်။

ပေးအပ်

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ **(အပေါ်ပုံ)**၊ အတွင်းရေးမှူး ဗိုလ်ကြီး လှမျိုး(ငြိမ်း)၊ အဖွဲ့ဝင် ဗိုလ်ကြီးစိုးဝင်း(ငြိမ်း)တို့က မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၂၅၂၉၀၀၀ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ပိုင်ပန်းခြံအတွင်း မြေယာရှုခင်းများပြုပြင်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းလုပ်ငန်းကို ဩဂုတ် ၃ရက်က အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်စုစုအောင်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်ကြစဉ်။ (၀၇၁)

နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ဓနုဖြူ ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ရွှေကူအထက်တန်းကျောင်း(ခွဲ)တွင် ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်တင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

နေ့ချင်းပြီးထုတ်ပေး

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရွှေကူအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများအား ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက နိုင်ငံသား စိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြို့နယ် လဝက)**

ဇူလိုင် ၂၃ ရက်က သီပေါမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးတွင် ၂၀၁၁ခုနှစ်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံမှချမှတ်သော ရှေ့လုပ်ငန်းစဉ် (၇)ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး(၄)ရပ်နှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး သိန်းထိုက်ဦး (ငြိမ်း) ရှင်းလင်းပြောကြားစဉ်။

(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ဟိုင်းကြီးကျွန်း၌ ဆွေးနွေးပွဲကျင်းပ

ဟိုင်းကြီးကျွန်း ဩဂုတ် ၁၃

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကျေးလက်ဒေသမွေးမြူရေးလုပ်ငန်း တိုးတက်ဆောင်ရွက်ရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ဟိုင်းကြီးကျွန်းမြို့နယ် ကျုံကူးကျေးရွာဓမ္မာရုံတွင် ဇူလိုင် ၂၀ရက် မွန်းလွဲ ၂နာရီက ကျင်းပသည်။

ဆွေးနွေးဟောပြော

အဆိုပါ ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းဌေးက ကျွဲ၊ နွားများတွင် ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း၊ ရောဂါမဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားပါကထိန်းချုပ်ရေးအစီအမံများ၊ ဝက်များတွင် ဖြစ်ပွားတတ်သော ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ကျေးလက်ဒေသမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင်ဟင်းစားမွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေးသို့ တိုးမြှင့်မွေးမြူလာစေရေး၊ ရှာလုံးကျွတ်မွေးမြူရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေး ဟောပြောသည်။ **(အောက်ပုံ)**

ဖြန့်ဝေပေး

၎င်းနောက် မြို့နယ်လက်ထောက်တိရစ္ဆာန်ကျန်းမာရေးမှူး ဦးမြင့်ကိုက ဒေသဆိုင်ရာမွေးမြူရေးအချက်အလက်များ ကောက်ယူပြုစုရေးအတွက် ဆွေးနွေးပြီး ဝက်နားရွက်ပြာ ရောဂါအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ရွှေဘို၌ ပညာပေးဆွေးနွေး

ရွှေဘို ဩဂုတ် ၁၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းသိမ်းရေး ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁ရက် နံနက် ၉နာရီက တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပရာ ပညာပေးဟောပြောပွဲအခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်သိန်း၊ မြို့ပေါ်နှင့်ကျေးလက်ဒေသရှိ မွေးမြူရေးလုပ်ငန်းရှင်များ၊မြို့ပေါ်(၁၀)ရပ်ကွက်မှအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေါက်တာမြင့်သန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကို လည်းကောင်း၊ ပါမောက္ခ ဒေါက်တာမြင့်သိန်းက တိရစ္ဆာန်များတွင် ဖြစ်လေ့ရှိသော ကူးစက်ရောဂါများအတွက်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကိုလည်းကောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (၀၅၀)

MAI ဘုရားဖူး ဗုဒ္ဓဟူး နှင့် စနေနေ့တိုင်း တိုက်ရိုက်ပို့ပေးမည် (UMTA)

2011- Oct -5. 8.12.15.19.22.26.29
သီတင်းကျွတ်လပြည့် ဆီမီး ၁၀၀၀ ပူဇော်ပွဲ
Nov -2.5.9.12.16.19.23.26.30
Dec -3.7.10.14.17.21.24.28.31

၁။ ဗုဒ္ဓဂယာ (၇) ရက် - ၅ သိန်း သံဝေဇနီယလေးဌာန (၇) ရက် - ၆ သိန်း
၂။ လေးဌာန (၁၄)ရက် - ၇သိန်း လေးဌာန-သင်္ကာသနဂိုရ်-တပ်ချီမဟာ-ဒေလီ - ၈ သိန်း
ဦးဖောင်ဖောင်အေး မဟာတိုး ဘုရားဖူးခရီးစဉ်များ လေယာဉ်လက်မှတ် စီစဉ်ပေးပါမည်။
ဘုရားဖူး (၁၀) ဦးလက်မှတ်တစ်စောင် အခမဲ့ ။ အဖွဲ့လိုက် ဘုရားဖူးလိုသူများ အမြန်ဆက်သွယ်ပါ ။
ဘုရားဖူးအဖွဲ့ ဦးဆောင်ဆရာတော် ၊ သီလရှင် ၊ လူပုဂ္ဂိုလ်တို့အား နိဗ္ဗာန်ကျွေးတို့ အခမဲ့ ပို့ပေးပါသည်။

ဖခင်အမည်မှန်
တောင်ဥက္ကလာ အထက-၄ တက္ကသိုလ်ဝင်တန်း(F)မှ မသူဇာလင်းနှင့် Grade-7 မှ မောင်တင်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးလင်း ၁၂/ဥကတ(နိုင်)၁၈၉၂၂၆ ဖြစ်ပါသည်။
ဦးစိုးလင်း

ဖခင်အမည်မှန်
ပင်လောင်းမြို့နယ် အထက တီကျစ် သတ္တမတန်း(A)မှ မနန်းပန်းမွှေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဖြိုး ၁၂/အစန(နိုင်) ၂၀၂၃၈၁ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာ(ဒုတိယဆင့်)အိမ်ရာစီမံကိန်း တိုက်အမှတ်(၆)၊ အခန်းအမှတ်(၂၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးစံရင်ထံမှ ဒေါ်ချိုနွယ်လတ်က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီး ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှု အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ အဋ္ဌမမြောက်ဘဏ်ခွဲအဖြစ် မြောင်းမြဘဏ်ခွဲကို ၁၂-၈-၂၀၁၁ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(၁) ဦးသန့်ဇင်(ထိန်လင်းရတနာဆန်စက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့် (ဥပုသ်နေ့)
၁၄-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၀ ၂။ **FIFA U-20 WORLD CUP 2011 COLOMBIA ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ကွာတားဖိုင်နယ်) (မက္ကဆီကိုအသင်းနှင့် ကိုလံဘီယာအသင်း)**
၉း၁၅ ၃။ ဘဒ္ဒန္တသိရိန္ဒ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ လယ်ဝန်ကျောင်းတိုက် သထုံမြို့ မွန်ပြည်နယ်ထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း။
၉း၃၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အဝေရာ ရာမ ရန်ကင်းကျောင်းတိုက် ပဓာန နာယက (အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တ ဩဝါဒသိရီဘိဝံသ၏ **မေတ္တာအခါတော်နေ့** တရားတော်

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၆၈)
၁၂း၃၀ ၅။ Golf Magazine (TV)
၁၂း၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **နှောင်ကြိုးမဲ့ချစ်သူ** ထွန်းထွန်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ညွှန့်မြန်မာညီညီအောင်)
၁၄း၂၀ ၇။ သက်တံရောင်သံစဉ်
၁၄း၃၅ ၈။ အတီးပြိုင်ပွဲ
၁၄း၅၀ ၉။ International News
၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ **Myanmar National League MNL GRAND ROYAL CUP 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar အသင်းနှင့် ရာဇဝတီယူနိုက်တက်အသင်း)**
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၅)
၆း၄၀ ၆။ တစ်မျက်နှာ၊တစ်ကွက်စာ **သက်နှင်းနှင့်သူ၏အရိပ်များ** သာထက်ပိုင်၊ ခိုင်မွှင့် ဒါရိုက်တာ-မေတင်(MMG)
၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၆)
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၄၀)
၁၂။ မြန်မာဗီဒီယိုဇာတ်လမ်း **သူငယ်တန်းဖတ်စာ** လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ နန်းဆုရတီစိုး [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁၃။ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်
၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၁၅။ အစီအစဉ်ပြီး၏။

ဖခင်အမည်မှန်
အထက-၄ မင်္ဂလာဒုံ၊ နဝမတန်း(က)မှ မောင်ကောင်းမြတ်သန့်စင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ဖြစ်ပါကြောင်း။

အမည်ပြောင်း
ဦးမြင့်စိန်၏သား အထက-၅ ကမာရွတ်၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်ဇေယျာအောင်အား မောင်ဇေယျာမောင်ဟု ပြောင်းလဲခေါ်ပါရန်။
ဇေယျာမောင်

သွေးသည် အသက်

နိုင်ငံတကာအားကစား

အာဆင်နယ်မှ ဖာဘရီဂတ်စ်အား ဘာစီလိုနာတို့ အခမ်းအနားဖြင့်ကြိုမည်

မြင့်မောင်စိုး စုစည်းသည်

အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်။

ဘာစီလိုနာ ဩဂုတ် ၁၃

အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်သည် ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် ၉၉ ဒသမ ၉ ရာခိုင်နှုန်း နီးစပ်နေပြီဖြစ်ရာ ၎င်းပြန်လာသည့် အခမ်းအနားကို လာမည့် တနင်္လာနေ့တွင် ပြုလုပ်နိုင်ရန်မျှော်လင့်ထားကြောင်း ဘာစီလိုနာအသင်းက ပြောကြားသည်။

ပြုလုပ်ခဲ့

ဖာဘရီဂတ်စ်အား ဘာစီလိုနာက ပေါင် ၃၅ သန်းဖြင့် စာချုပ်နိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ဘာစီလိုနာတာဝန်ရှိသူများက ပြောကြားသည်။ ဖာဘရီဂတ်စ်သည် အာဆင်နယ်ကစားဖော်များနှင့် ဩဂုတ် ၁၂ ရက်က နောက်ဆုံးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း အာဆင်နယ်သတင်းရပ်ကွက်က ပြောကြားသည်။

အာဆင်နယ်၏ ကစားသမားတစ်ဦးဖြစ်သည့် နာဆရီသည်လည်း မန်စီးတီးသို့ ပေါင် ၂၃ သန်းဖြင့် ပြောင်းရွှေ့လိမ့်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့် လီဗာပူးသရေပွဲကြုံ

လန်ဒန် ဩဂုတ် ၁၃

၂၀၁၁-၂၀၁၂ ပရီမီယာလိဂ်ဘောလုံးရာသီ ကန့်လန့်ကာအဖွင့်ပွဲအဖြစ် ဩဂုတ် ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ နာမည်ကြီး လီဗာပူးတို့ အိမ်ကွင်း၌ ဆန်းဒါးလန်းအသင်းကို သရေသာ ကစားနိုင်ခဲ့သည်။

ပွဲစပြီး ငါးမိနစ်အကြာ လီဗာပူးတို့ ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ တိုက်စစ်မှူး ဆွာရက်ဇ် ကန်သွင်းသော်လည်း လွဲချော်သွားခဲ့သည်။ သို့သော်လည်း ပွဲချိန် ၁၀ မိနစ်တွင် တိုက်စစ်မှူး ဆွာရက်ဇ်က လီဗာပူးအတွက် ခေါင်းတိုက်အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ **(ယာပုံ)**

ဒုတိယပိုင်း ပြန်စပြီး မကြာမီ ဆန်းဒါးလန်းအသင်း တိုက်စစ်မှူး လာဆင်က ညာတောင်ပံမှ အမြောက်ကန်တင်ပေးလိုက်သော ဘောလုံးကို မြေမကျဘဲ လှလှပပ ကန်သွင်းယူလိုက်သည်။ လီဗာပူးတို့ ထပ်မံဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားခဲ့သော်လည်း ရာသီကန့်လန့်ကာအဖွင့်တွင် တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အခြားပွဲများအဖြစ် ဝုလ်ဗာဟမ်တန်အသင်းက ဘလက်ဘန်းအိမ်ကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်သည်။ ထူးထူးခြားခြား ဘော်လ်တန်အသင်းက တန်းတက်ကျူပီအာရ်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ ဖူလ်ဟမ်နှင့် အက်စ်တွန်ဗီလာတို့ ကစားရာတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ ဝီဂန်က တန်းတက်နော့ဝှစ်ကို တစ်ဖက် တစ်ဂိုးစီ သရေကစားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာရုပ်ရှင်

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ဟယ်ရီဆင်ဖို့ဒ် Cowboy ဇာတ်ကားများ ဆက်ရိုက်မည်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၃

ကမ္ဘာကျော် ဟောလိဝုဒ်ရုပ်ရှင်မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ်က မိမိသည် Cowboy ဇာတ်ကားများကို ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်မြို့တွင် ဩဂုတ် ၁၂ ရက်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၆၉ နှစ်အရွယ်ရှိပြီဖြစ်သည့် ရုပ်ရှင်မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ်သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကပင် Cowboy ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်ပြီး Cowboy ဝတ်စုံဝတ်ဆင်ရခြင်းမှာ အနှစ်သက်ဆုံးဖြစ်ကြောင်း မကြာခဏ ထုတ်ဖော်ပြောကြားတတ်သူဖြစ်သည်။

သူအောင်မြင်ကျော်ကြားခဲ့သည့် Cowboy & Alines ဇာတ်ကားမျိုးမှ ခွဲထွက်ကာအသွင်ဆန်းသစ်သည့် Cowboy ဇာတ်ကားသစ်ကို ပါဝင်သရုပ်ဆောင်ရိုက်ကူးရန် စီစဉ်လျက်ရှိသည်။ ထို့အပြင် Black Hats အမည်ရှိ ဇာတ်ကားရိုက်ကူးရန်လည်း တွဲဖက်သရုပ်ဆောင်မည့် ရုပ်ရှင်မင်းသမီးတစ်ဦးအား ရှာဖွေလျက်ရှိသည်။

၁၉၆၆ ခုနှစ်မှစတင်ကာ ရုပ်ရှင်ရိုက်ကူးခဲ့သူ ဟယ်ရီဆင်ဖို့ဒ်သည် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုနှင့် သရုပ်ဆောင်မှုများမှ ယခုအချိန်အထိ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံအထိ ရရှိထားသူဖြစ်သည်။

လက်ထပ်ထား

ဟယ်ရီဆင်ဖို့ဒ်သည် မာရီမာကွတ်နှင့် ၁၉၆၄ ခုနှစ်၌ လက်ထပ်ခဲ့ပြီး ၁၉၇၉ ခုနှစ်၌ ကွာရှင်းခဲ့သည်။ တစ်ဖန် မီလီဆာမာသီဆင်နှင့် ၁၉၈၃ ခုနှစ်၌ ဒုတိယအိမ်ထောင်ပြုခဲ့ပြီး ၂၀၀၄ ခုနှစ်၌ ကွာရှင်းခဲ့ပြန်သည်။ ယခုလက်ရှိ ပေါင်းသင်းနေသော ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ကာလီစတာဖလော့ဟတ်နှင့် ၂၀၁၀ ခုနှစ်က လက်ထပ်ခဲ့သည်။ **(အပေါ်ယာပုံ)**

ဟယ်ရီဆင်ဖို့ဒ်သည် ယခုအခါ သရုပ်ဆောင်နှင့် ရုပ်ရှင်ထုတ်လုပ်သူအဖြစ်ပါ ပူးတွဲလုပ်ကိုင်နေသူဖြစ်သည်။ **(အင်တာနက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ ဆက်လက်ကျင်းပ

နေပြည်တော် သြဂုတ် ၁၃

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

၂၀၁၁ ခုနှစ် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ၌ ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကြည့်ရှု

ပြည်တွင်း ရတနာကုမ္ပဏီများမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအနီး ခင်းကျင်းပြသထားသည့် တင်ဒါစနစ်ဖြင့် ရောင်းချမည့် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် အတွဲများကို စိတ်ဝင်တစား လိုက်လံကြည့်ရှုကြကာ စျေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

တင်ဒါစနစ်

ယခုရောင်းချပွဲတွင် မြန်မာနိုင်ငံထွက် ကျောက်စိမ်း အသားကျောက် စီ(C) အဆင့်၊ ဒီ(D) အဆင့်နှင့် အဆင့်အလွန်နိမ့်သည့်

စာမျက်နှာ ၈ ကော်လံ ၆ ●

ကမ္ဘာ့အသေးငယ်ဆုံး လေယာဉ် ပျားပိတုန်း

➤ သတင်းမှတ်စု – မောင်မောင်မြင့်ဆွေ ➤

ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးလေယာဉ်တစ်စင်းကို အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်ရှိ ဖိုးနစ်ကုမ္ပဏီက ထုတ်လုပ်လိုက်ပြီဖြစ်သည်။ ၎င်းလေယာဉ်ကို ပျားပိတုန်း (Bumble Bee)ဟု အမည်ပေးထားပြီး ယခင်က ကမ္ဘာ့အသေးငယ်ဆုံး လေယာဉ်ဖြစ်သည့် စကိုင်းဘေဘီထက်သေးငယ်သော လေယာဉ်တစ်စင်းဖြစ်လာသည်။ ***(အပေါ်ပုံ)***

အရွယ်အစား

ကမ္ဘာ့အသေးငယ်ဆုံးလေယာဉ်တစ်စင်းအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခြင်းခံရရန် ထုတ်လုပ်ထားခြင်းလည်းဖြစ်သည်။ ပျားပိတုန်းဟု အမည်ပေးထားသော လေယာဉ်ငယ်၏ အရွယ်အစားမှာ လေယာဉ်ကိုယ်ထည်အရှည် ၉ ဒသမ ၅ ပေ (၂ ဒသမ ၉ မီတာ) ရှိပြီး လေယာဉ်တောင်ပံတစ်ခု၏ အရှည်မှာ ၆ ဒသမ ၅ ပေ (၂ မီတာခန့်) ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

မြန်မာ – ဂျပန် နိုင်ငံတကာ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ စိုးလင်းဦး (မြန်မာ) အနိုင်ရ။ (စာ–၁၀)

ဟယ်ရီဆင်ဖို့ဒ် Cow-boy ဇာတ်ကားများ ဆက်ရိုက်မည်။ (စာ–၁၂)